မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၅၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆားဘီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မီယိုဒရက်နီကိုလင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မီယိုဒရက် နီကိုလင်အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆီးဂိမ်း ကာယဗလမောင်ပြိုင်ပွဲအတွက် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြင်ဆင်ထား

ကာယဗလအားကစားနည်းပြိုင်ပွဲများ ကျင်းပမည့် (MCC) ခန်းမကို ခမ်းနားလှပစွာ တွေ့ရစဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)

မကြာမီ ကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့တော်ကြီး၌ ကျင်းပမည့် အားကစားနည်း ခုနစ်နည်းအနက် ကာယဗလအားကစားနည်းကို ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (Myanmar Convention Centre) တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအဆောက်အအုံကြီးအား စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမန်အလှများဖြင့် ခံ့ခံ့ညားညား ထည်ထည်ဝါဝါ တန်ဆာဆင် ပြင်ဆင်ထားသည်ကို အားရဝမ်းမြောက်စွာ တွေ့မြင်ကြရမည်ဖြစ်သည်။

အားကစားခန်းမကြီးကိုအားကစားပြိုင်ပွဲဝင်များ၊ ဝါသနာရှင်ပရိသတ်များ သက်သောင့်သက်သာရှိစေရန်လည်း ကြိုတင်ပြင်ဆင်ထားရှိမှုကရာနှုန်းပြည့်ပြီးပြည့်စုံနေပြီဖြစ်သည်။

မိုးလုံလေလုံ ထိုခန်းမကြီးအတွင်း၌ အာဆီယံငါးနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊

စာမျက်နှာ ၈ ကော်လံ ၁ ❖

ယနေ့ မာတိကာ

မဲခေါင်နိုင်ငံများသို့ ဂျပန်က ဆေးပစ္စည်းများတင်ပို့ရန် စဉ်းစား၊ မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ဆေးရုံများ ထူထောင်ပေးရန်စီစဉ် — စာ - ၄

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ — ဆောင်းပါး — စာ - ၆

မြင်းခြံ-ရန်ကုန် တိုက်ရိုက်လူစီးရထားပြေးဆွဲရန် မိတ္ထီလာဘူတာတွင် အမှတ်(၃)လမ်း ဖောက်လုပ်သွားမည် — စာ - ၁၀

ချန်ပီယံလိဂ်ဟာ ဘိုင်ယန်မြူးနစ်အတွက်လား — စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မျိုးဆက်သစ်

လုပ်ငန်းတစ်ခု သို့မဟုတ် ပညာရပ်တစ်ခုသည် အစဉ်ဖွံ့ဖြိုးတိုးတက်ရန် အရေးအကြီးဆုံးသောအချက်တစ်ချက်မှာ မျိုးဆက်သစ်များ အစီအမံရှိရှိ စနစ်တကျပြုစုပျိုးထောင် မွေးထုတ်ပေးရေးပင် ဖြစ်ပါသည်။ မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားနိုင်မှသာလျှင် အဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိစေမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း မျက်မှောက်ခေတ်ကြီးတွင် နေရာတိုင်းနေရာတိုင်း၌ မျိုးဆက်သစ် ပြုစုပျိုးထောင်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိပါသည်။ မျိုးဆက်ပြတ်လပ်သွားသော လုပ်ငန်းတစ်ခုသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်ပါ။ မျိုးဆက်ပြတ်လပ်သွားသော အလုပ်တစ်ခုသည် လုပ်ငန်းအရည်အသွေး ကျဆင်းသွားရုံသာမက မျိုးဆက်များ ပြန်လည်ထူထောင်နေရခြင်းကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူကုန်ဖြစ်ပြီး နှစ်ကာလကြာရှည်စွာ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရပါသည်။ မျိုးဆက်သစ်ဖွံ့ဖြိုးသော လုပ်ငန်းတစ်ခုနှင့် မျိုးဆက်သစ်ပြတ် လုပ်ငန်းတစ်ခုတို့ကိုနှိုင်းယှဉ်ကြည့်ပါ။ မျိုးဆက်သစ်မပြတ် မွေးထုတ်ပေးနိုင်သော လုပ်ငန်းသည် အစဉ်ဖွံ့ဖြိုးနေသဖြင့် နောက်တစ်ဆင့်တက်၍ တိုးတက်ပြောင်းလဲသွားသည်ကို တွေ့ရပါသည်။

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲကြီးများနှင့် ဥရောပကလပ်ဘောလုံးပြိုင်ပွဲများ ကျင်းပသည့်အခါ ဘောလုံးသမားတိုင်း သုံးလေးနှစ်အရွယ် ကလေးတစ်ဦးစီ ကွင်းအတွင်း လက်ဆွဲခေါ်လာသည်ကို ဘောလုံးပွဲ ကြည့်ဖူးသူတိုင်း တွေ့ဖူးပါလိမ့်မည်။ ထိုကိစ္စသည် သာမန်ကြည့်လျှင် ဘာမှမဟုတ်ဟု ထင်ရပါသည်။ သေသေချာချာလေးလေးနက်နက် တွေးကြည့်လိုက်သည့်အခါ မျိုးဆက်သစ်များအား စနစ်တကျ လက်ဆင့်ကမ်းပေးသည့် အလုပ်ဖြစ်နေသည်ကို တွေ့ရသည်။

ဦးစွာပထမ ကလေးများအား ဘောလုံးကစားခြင်းကို အားကျလာအောင် ဆွဲဆောင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုမှဆက်လက်၍ ဘောလုံးအကယ်ဒမီ၊ ဘောလုံးသင်တန်းကျောင်း စသည်ဖြင့် အဆင့်ဆင့်တက်ရောက်ပြီး နောက်ဆုံး ကြေးစားကလပ်များသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ဘောလုံးသမားများဖြစ်လာရသည်။ ဤသည်မှာ မျိုးဆက်တစ်ဆက်သို့ (Generation to Generation) စနစ်တကျ ပြောင်းလဲပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

အလားတူ မျိုးဆက်သစ်လွှဲပြောင်းရေး လုပ်ငန်းစဉ်ကို လုပ်ကိုင်ဆောင်ရွက်နေသည့် နေရာဌာနများစွာရှိလေသည်။ ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ လေယာဉ်ပျံ၊ မီးသဘော်၊ မော်တော်ကားတီထွင်ပြုလုပ်သူများသည် ၎င်းတို့၏ အတတ်ပညာနှင့် နည်းပညာများကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းပေးနိုင်ခဲ့ကြသဖြင့် ပိုမိုကောင်းမွန်သော နည်းပညာကမ္ဘာကြီးဆီသို့ အဆင့်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အလုပ်၊ မည်သည့်ပညာရပ်မဆို နေရာတိုင်းတွင် မျိုးဆက်သစ်များ စနစ်တကျမွေးထုတ်သွားရန် လိုအပ်ပါသည်။ မျိုးဆက်သစ်များ အစဉ်ရှင်သန်ဖွံ့ဖြိုးနေပါမှ သာလွန်ကောင်းမွန်သော လူမှုဘဝများ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နေရာတိုင်းတွင် မျိုးဆက်သစ်ပြုစုပျိုးထောင်ရေးကို အလေးထားဆောင်ရွက်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အသုံးချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၅

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ရှ (Changsha)မြို့၌ နိုဝင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြန်ပြည့်ဖြိုးမြဲဆိုင်ရာစွမ်းအင်များ ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး၊ ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် မူလဂေဟစနစ်များ မပျက်စီးစေရေးအတွက် ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးနှင့် တရုတ်နိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပတ်ဝန်းကျင်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် Guangzhou မြို့၌ကျင်းပသည့် Chinese Ecological Industrial Parks Development and International Cooperation Forum သို့ တက်ရောက်ခဲ့သည်။ နိုဝင်ဘာ ၁၂ ရက်တွင် ရှန်ဟိုင်းမြို့ နိုင်ငံတကာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော "2013-Global CEO Conference" ၌ "The Rise and Cooperative Prospect of Energy Market in South East Asia" ခေါင်းစဉ်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ချန်ရှမြို့၊ Dolton International Hotel ၌ ကျင်းပသော Ministerial Workshop on Mechanism of Renewable Energy Utilization and Development for Developing Countries အလုပ်ရုံဆွေးနွေးပွဲနှင့် International Cooperation Symposium on New Energy and New Material, Hunan, 2013 Conference သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ရှမြို့ရှိ Hydrochina Zhongnan Engineering Corporation နှင့် Hunan Electric Power Design Institute ၏ ကျောက်မီးသွေးအသုံးပြု၍ ၆၀၀ မဂ္ဂါဝပ်လျှပ်စစ်ထုတ်လုပ်သည့် Xiangtan Clean Coal Power စက်ရုံသို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

RBE အဲယားကွန်းရထားလှည်းတန်းဘူတာတွင်ရပ်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၅

" RBE အဲယားကွန်း လှည်းတန်းမှာလည်းရပ်ပေးစေချင်" ဟု ပြည်သူ့ဆန္ဒ ပြည်သူ့အသံကို မြန်မာ့အလင်းသတင်းစာ "ထင်သာမြင်သာ ပြုပြင်စရာ" ကဏ္ဍတွင် ထည့်သွင်းဖော်ပြပေးချက်အရ အဆိုပါ RBE အဲယားကွန်းရထားသည် နိုဝင်ဘာ ၈ ရက်မှစပြီး လှည်းတန်းဘူတာတွင် ရပ်တန့်ပေးပြီဖြစ်ရာ ကမာရွတ်လှည်းတန်း မိသားစုများက အများပြည်သူဝန်ဆောင်မှုအဖြစ် ပီပြင်စွာဆောင်ရွက်ပေးသော မြန်မာ့အလင်းသတင်းစာ ဝိုင်းတော်သားများကို အထူးကျေးဇူးတင်ရှိနေကြသည်။

ထိုသို့ ရပ်တန့်ပေးမှုအရ ကြားရက်အပြင် အထူးသဖြင့် ရုံးပိတ်ရက်စနေ၊ တနင်္ဂနွေနေ့များတွင် မိသားစုအလိုက် ကလေးသူငယ်များ အပါအဝင် RBE အဲယားကွန်းရထားဖြင့် ဇိမ်ခံ စီးနင်းနေကြပြီဖြစ်သည်။ လှည်းတန်း မိသားစုဝင်တစ်ဦးဖြစ်သူ ဒေါ်အေးငြိမ်းက "မိမိမြေးတွေ၊ အိမ်နီးနားချင်းတွေနဲ့လာစီးတာဖြစ်ကြောင်း၊ ရုံးပိတ်ရက်ဖြစ်လို့ လှည်းတန်းကအတက် ထိုင်စရာမရှိဘဲ အားလုံးမတ်တပ်ရပ်စီးရကြောင်း၊ လမ်းမတော်၊ ဘုရားလမ်း ဘူတာကြီးသို့ရောက်မှ ထိုင်စရာနေရာရကြောင်း၊ မင်္ဂလာဒုံမှာ ခေတ္တနားချိန်ပေးတဲ့အတွက် အနီးပတ်ဝန်းကျင် လေ့လာခွင့်ရကြောင်း၊ လှည်းတန်းဘူတာမှ ၁၁ နာရီ ၄၄ မိနစ်က စီးခဲ့ရာ လှည်းတန်းဘူတာကို ညနေ ၃ နာရီပြန်ရောက်ကြောင်း၊ မြို့တစ်ပတ် တောက်လျှောက်ဆိုရင် ပိုဇိမ်ကျမှာဖြစ်ကြောင်း၊ အဲယားကွန်းလည်း ကောင်းမွန်တာ တွေ့ရကြောင်း၊ ကလေးတွေကို အဆင့်မြင့်လူနေမှုစနစ်နဲ့ ယဉ်ပါးစေလိုတဲ့အတွက် ယခုလို လည်ပတ်ခြင်းဖြစ်ကြောင်း၊ ဒီလိုစီစဉ်ပေးတဲ့ မြန်မာ့မီးရထားဌာနအကြီးအကဲတွေကို အထူးကျေးဇူးတင်ကြောင်း" ၎င်း၏အတွေ့အကြုံကို ရှင်းပြသည်။

ခင်မောင်သော်(ကမာရွတ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ နီပေါနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

အမေရိကန်သမ္မတဟောင်း Mr.Jimmy Carter ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ၌ ကျင်းပသည့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲသို့ Carter Center ၏ Short-term Observersအဖြစ် သွားရောက်လေ့လာခဲ့ပြီး နိုဝင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၃၀-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr. Mya Aung ကြီးကြပ်မှုနှင့် အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ၌ နိုဝင်ဘာလ(၂၄)ရက်၊ (၂၉)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၁၇၀၀၀)ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၃၅၆၀)ဦးအား ခွဲစိတ်ကုသအလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ ဒီဇင်ဘာလ (၂၁၊၂၂)ရက်များတွင် ဦးရေ(၃၇၀၀ ပြည့်) (၃၀)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ ဒီဇင်ဘာလ (၂)ရက် နံနက် (၇:၀၀)နာရီမှစ၍ တစ်ရက်တည်းသာ စာရင်းသွင်းလက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(၂၉) ကြိမ်မြောက်အလင်းဒါနပေးလှူရာတွင် ပါဝင်ခဲ့သော မျက်စိဝေဒနာရှင်ပေါင်း များစွာကို ခွဲစိတ်ကုသ အလင်းရစေခဲ့သည့်အလင်းလက်ပိုင်ရှင် ဒု-ဗိုလ်မှူးကြီး(ငြိမ်း) Dr. ဒေါ်ရွှေပါအောင် ရွှေပြည်ဟိန်းဆရာတော်ထံ လာရောက်တွေ့စဉ်။

KBZ Bank (Account No.00730200701690301)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နော်ဝေနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် အန်အော်လီစတတ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့အားကစားအသင်း အောင်နိုင်ရေးအတွက် ထိုင်းနိုင်ငံ FBT ကုမ္ပဏီမှ ပြိုင်ပွဲသုံးပစ္စည်းလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

SEA Games ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားနည်းများဖြစ်သော မွေ၊ Boxing၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်ဘောလုံး၊ စက်ဘီး၊ မြားပစ်၊ Fitness Center စသည့် အားကစားနည်းများအတွက် ထိုင်းနိုင်ငံ FBT ကုမ္ပဏီက အမေရိကန်ဒေါ်လာသိန်း ၂၀ တန်ဖိုးရှိ အားကစားအသုံးအဆောင်ပစ္စည်းများကို နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ ထိုင်းနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး THITIPHAN က ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ဆောင်ရွက်နေပါတယ်။ လေကောင်းလေသန့်လည်းရ၊ ကမ်းနားလည်းဖြစ်တော့ တည်းခိုတဲ့ ခရီးသည်တွေ အဆင်ပြေစိတ်ချမ်းသာမှု အမှန်တကယ်ရရှိမှာဖြစ်ပါတယ်”ဟု Product manager ကိုလင်းဟန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါဟိုတယ်သင်္ဘောတွင် အထပ်ငါးထပ်ပါရှိပြီး မြန်မာနိုင်ငံ၌ ကမ္ဘာ့အဆင့်မီ ရေပေါ်ဟိုတယ်သင်္ဘောကြီးဖြစ်သည်။ ပြည်တွင်း၊ ပြည်ပခရီးသွားတည်းခိုသူများအတွက် အဆင်ပြေစေရန်ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ပေးလိုက်သဖြင့် လိုအပ်လျက်ရှိသော ဟိုတယ်ဝန်ဆောင်မှုအပိုင်းကို အမှန်တကယ်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ယခု ပြင်ဆင်မှုများပြုလုပ်နေသည့် ရေပေါ်ဟိုတယ်သင်္ဘောကြီးကို VINTAGE LUXURY YACHT ဟု အမည်ပေးထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အသုံးပြုမည့်ဟိုတယ်များ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဒိုင်၊ ဂျူရီများ၊ ပြိုင်ပွဲဝင်နည်းပြ၊ အုပ်ချုပ်သူ၊ အားကစားသမားများ၊ မီဒီယာများ တည်းခိုနေထိုင်စားသောက်မှုအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်ပတ်သက်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းများ လိုအပ်ချက်များ တိတိကျကျညွှန်ကြားမည်ဖြစ်၍ ဟိုတယ်ပိုင်ရှင်များဘက်မှ လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးလိုကြောင်း၊ SEA Games ပြိုင်ပွဲနှင့်ပတ်သက်၍ ဟိုတယ်လုပ်ငန်းများ အတွေ့အကြုံအားနည်းမှု ရှိကောင်းရှိနိုင်ကြောင်း၊ ဟိုတယ်ပိုင်ရှင်များအနေဖြင့် ပြိုင်ပွဲတွင် ပါဝင်ပူးပေါင်းဆောင်ရွက်မှုကြောင့် အကျိုးအမြတ်ထက် ဟိုတယ်လုပ်ငန်း ဂုဏ်သိက္ခာရှိပြီး အနာဂတ်စီးပွားရေးလုပ်ငန်း အောင်မြင်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ဂုဏ်သိက္ခာတွင် ဟိုတယ်ပိုင်ရှင်များမှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်းနှင့် မိမိဟိုတယ်လုပ်ငန်းအား နိုင်ငံတကာအဆင့်နှင့်ညီအောင် သန့်ရှင်းသပ်ရပ်ကောင်းမွန်စွာဖြင့် ဝန်ဆောင်မှုကောင်းမွန်အောင် ဂရုစိုက်ပါရန် တိုက်တွန်းကြောင်း နိုင်ငံတကာဧည့်သည်များအတွက် ကျွေးမွေးမှုမှာ သာမန်ဟိုတယ်လုပ်ငန်းများနှင့် မတူကြောင်း၊ ချမှတ်ထားသည့်မူဝါဒအတိုင်း ကျွေးမွေး၍ ပြိုင်ပွဲဝင်နိုင်ငံတစ်ခုချင်းစီ၏လိုအပ်ချက်များအလေ့ အကျင့်များကို သိရှိလေ့လာကျွေးမွေးရန် လိုအပ်ကြောင်းနှင့် ယခုပြိုင်ပွဲကြီးတွင် နိုင်ငံအရေးကို မိမိတို့ဟိုတယ်လုပ်ငန်းအနေဖြင့် ဂုဏ်သိက္ခာရှိရှိ ပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးငွေးအောင်က နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်တို့၌ ပြိုင်ပွဲမစခင် နှစ်ပတ်ကြိုမှစ၍ ပြိုင်ပွဲများပြီးသည်အထိ ဧည့်သည်များ ဟိုတယ်ပိုင်ရှင်များအနေနှင့် အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်ပြီး ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုကို အဓိကထား၍ သာမာန်ထက်ပိုပြီး ဂရုစိုက်ရန်လိုအပ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင် ဟိုတယ်အတွင်း သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ အသီးသီး၏မန်နေဂျာများ၊ ကြီးကြပ်ကွပ်ကဲမှုသည် အလွန်အရေးကြီးကြောင်း၊ လုံခြုံရေး၊ သန့်ရှင်းရေး အစားအသောက်ကျွေးမွေးမှု စသည်များကို တစ်ခုချင်းစီ ဂရုစိုက်ရန် ဧည့်သည်များလိုအပ်ချက်အား အထူးလေ့လာစောင့်ကြည့်ရန် လိုအပ်ကြောင်း၊ မိမိဟိုတယ်လုပ်ငန်းကြောင့် ပြိုင်ပွဲကိုထိခိုက်မှုမရှိစေရန် လိုအပ်ကြောင်းနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ဟိုတယ်တာဝန်ရှိသူများက ဟိုတယ်ခန်းများကြိုတင်မှာရေး၊ ရက်များ၊ ဟိုတယ်အခန်းသတ်မှတ်နှုန်းထားများ ပြောင်းလဲမှု ရှိမရှိ၊ အားကစားသမားများ ပြန်လည်ထွက်ခွာမည့် အခြေအနေ၊ ဟိုတယ်ခငွေပေးချေမှုစနစ်နှင့် ဧည့်သည်များ အပိုသုံးဆောင်မှု ငွေပေးချေမှုစနစ်၊ ဆေးခန်းဖွင့်လှစ်မှုတွင် လိုအပ်ချက်များသန့်ရှင်းသော ရေရရှိမှု၊ ရုံးသုံးပရိဘောဂထားရှိပေးရေး၊ ကြော်ငြာဆိုင်းဘုတ်ထားရှိရေး၊ LO များထားရှိမှုတို့ကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၁-၂၀၁၃(အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၅၀ ကြည်ညိုဦးခိုက် ဖူးလိုက်စို့ တူပျော်၊ မန်းရွှေစက်တော်
၈း၀၀ ပြည်တွင်းသတင်း
၉း၄၀ Business News

နေ့လယ်ပိုင်း

၁၂း၀၀ ပြည်တွင်းသတင်း

ညပိုင်း

၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အထူးပြုအားလုံး) (မြန်မာ့ရေးရာ)
၁၇း၂၀ SEA Games Go For Gold (နပန်း)
၁၈း၂၀ ဧယျာဝတီရိုအားကစားရုံ (A.B.C)
၁၈း၄၅ ASEAN ECONOMIC COMMUNITY (GRAND WORK SHOP) 2013
၁၉း၂၅ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ တိုးတက်ခေတ်မီ ကဏ္ဍစုံလင်ဖို့ ပြည်သူ့ဝန်ဆောင်မှု မီဒီယာသစ်ဆီသို့ (ကချင်ပြည်နယ်)
၂၀း၀၀ ပြည်တွင်းသတင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော်နယ်မြေအတွင်း GSM/UMTS မိုဘိုင်းရေဒီယိုစခန်းများ လိုင်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များအား ပြည်သူသို့ အသိပေးကြေညာချက်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ်တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

၂။ ထိုသို့ လစဉ်နှင့်အမျှ တိုးတက်များပြားလာသည့် မိုဘိုင်းတယ်လီဖုန်းများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီမံကိန်းများချမှတ်ကာ စက်မှုပိုင်းဆိုင်ရာ အခြေခံစက်ပစ္စည်းများအသစ်တပ်ဆင်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါလုပ်ငန်းစီမံကိန်းများအနက် လက်ရှိဆောင်ရွက်လျက်ရှိသော GSM/ UMTS တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအရ နေပြည်တော်တွင် တပ်ဆင်ထားသော ရေဒီယိုစခန်းများအနက် ရေဒီယိုစခန်း ၅၀ ကို နိုဝင်ဘာ ၂၇ရက်နေ့မှ ဒီဇင်ဘာ ၆ ရက်အထိ စက်ပစ္စည်းများလဲလှယ်တပ်ဆင်ခြင်း၊ စက်ချိန်ညှိခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်းတို့ကို မိဘပြည်သူများ တယ်လီဖုန်းသုံးစွဲမှုနည်းပါးချိန်ဖြစ်သော နံနက် ၅ နာရီခွဲမှ ၉ နာရီခွဲအတွင်း အောက်ဖော်ပြပါ ရေဒီယိုစခန်းများတွင် ပြုလုပ်မည်ဖြစ်ပါ၍ ဆောင်ရွက်စဉ်ကာလအတွင်း ယာယီဆက်သွယ်မှု ပြတ်တောက်ခြင်းနှင့် ခေါ်ဆိုရခက်ခဲခြင်းများဖြစ်ပေါ်နိုင်ပါကြောင်း ကြိုတင်အသိပေးတင်ပြအပ်ပါသည်။

၂၇-၁၁-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်
၃၀-၁၁-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်
၃-၁၂-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်
၄-၁၂-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်
၅-၁၂-၂၀၁၃ ရက်နေ့တွင် ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်
၆-၁၂-၂၀၁၃ ရက်နေ့တွင် ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ အားကစားပြတိုက်အတွက် ဆုတံဆိပ်များ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

အားကစားဝန်ကြီးဌာနအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် မျိုးဆက်သစ်လူငယ်များ အတုယူကြိုးစားနိုင်ရန်အတွက် အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Social Zone ၌ပြသထားရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာ့လက်ရွေးစင်လက်ဝှေ့အားကစားသမားဟောင်း မုတ္တမ ဦးအောင်ထွန်း၏ကိုယ်စား သမီး ဒေါ်အေးအေးမြိုင်က ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲတွင်ရရှိခဲ့သည့် ရွှေတံဆိပ်တစ်ခု၊ မှတ်တမ်းဓာတ်ပုံ သုံးပုံနှင့် လက်ဝှေ့နှင့်ပတ်သက်သော ဆောင်ရန်ရှောင်ရန် မှတ်တမ်းစာအုပ်တစ်အုပ်တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အီရန်နျူကလီးယား သဘောတူညီမှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်း

တီဟီရန် နိုဝင်ဘာ ၂၅

အီရန်က ၎င်း၏နျူကလီးယား အဆောက်အအုံအချို့ကို ထိန်းချုပ်ရန် သဘောတူလိုက်ပြီးနောက် နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးမည်ဖြစ်၍ ရေနံဈေးနှုန်းကျဆင်းသွားပြီ ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံသည် ကမ္ဘာ့စတုတ္ထ မြောက်အကြီးဆုံးအရန်ရေနံရှိသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် အရေးယူပိတ်ဆို့ခံထားရသဖြင့် ရေနံတင်ပို့မှုကို ထိခိုက်နေသည်။

တိုးမြှင့်

သို့ရာတွင် အီရန်နိုင်ငံက ခြောက်လတာ ကာလအတွင်း ၎င်း၏ ရေနံရောင်းချမှုကို တိုးမြှင့်လိမ့်မည်မဟုတ်ဟုဆိုသည်။

ယင်းစာချုပ်ကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ ပြေလျော့သွားခဲ့သည်။ အထူးသဖြင့် ရေနံတင်ပို့ရာဒေသ၌ ဖြစ်သည်။

ကျဆင်းသွား

နိုဝင်ဘာ ၂၅ ရက်က အာရှဈေးကွက်တွင် Brent Crude ရေနံစိမ်းတစ်စည်လျှင် နှစ်ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်။ ယင်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၆၃ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်စည်အပေါ်အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ထိုအတောအတွင်း အမေရိကန်၌ Light Sweet Crude ရေနံစိမ်း တစ်စည်လျှင် ၉၃ ဒသမ ၆၄ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်စည်အပေါ် ၈၄ ဆင့်ကျဆင်းသွားခဲ့သည်။

(ဘီဘီစီ)

ဗန်ကောက်၌ နိုင်ငံရေးပြိုင်ဘက်များ ဆန္ဒပြ အတိုက်အခံများက အစိုးရဆင်းပေးရန် တောင်းဆို

ဗန်ကောက် နိုဝင်ဘာ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုင်ငံရေးပြိုင်ဘက်နှစ်ခုအကြား တင်းမာမှုများဖြစ်ပွားနေချိန် ဆန္ဒပြသူများက ဗန်ကောက်မြို့လမ်းများပေါ်တွင် ဒုတိယမြောက်နေ့အဖြစ် ချီတက်ဆန္ဒပြခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆန္ဒပြသူများက နိုဝင်ဘာ ၂၄ ရက်တွင် မြို့တော်ဗန်ကောက်၌ ဝန်ကြီးချုပ်ရင်လပ်အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြပွဲကြီးပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ဗန်ကောက်မြို့နေရာအနှံ့အပြား ချီတက်ဆန္ဒပြခဲ့ကြကြောင်း ချီတက်ပွဲကျင်းပသူများက ပြောသည်။

အဆိုပါဆန္ဒပြမှုများသည် အစိုးရကျောထောက်နောက်ခံပြုနိုင်ငံရေး လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းဥပဒေကြမ်းသည် လက်ရှိဝန်ကြီးချုပ်၏အစ်ကိုဖြစ်သူ သက်ဆင်ရှင်နာဝပ် အကျင့်ပျက်လာဘ်စားမှုအတွက် ထောင်ကျခံရခြင်းမရှိဘဲ နိုင်ငံသို့ပြန်လာနိုင်မည့် ဥပဒေဖြစ်သည်။ သို့သော်လည်း ယင်းဥပဒေကြမ်းကို ယခုလ အစောပိုင်း၌ အထက်လွှတ်တော်က အတည်မပြုဘဲထားသည်။ ယင်းဥပဒေကြမ်းကြောင့် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရသည်။ အတိုက်အခံများနှင့် အစိုးရ ထောက်ခံသူများအကြား သဘောထားကွဲလွဲမှုဖြစ်လာရသည်။ နိုဝင်ဘာ ၂၅ ရက်တွင် ဒီမိုကရက်တစ်အမတ်တစ်ဦးက ဦးဆောင်လျက် အစိုးရဆန့်ကျင်ရေး ဆန္ဒပြခဲ့သည်။ အစိုးရဆင်းပေးရန်တိုက်တွန်းခဲ့သည်။ ထိုအတောအတွင်း အစိုးရကိုထောက်ခံသူ ၄၀၀၀၀ ခန့်ကလည်း အစိုးရကို ထောက်ခံဆန္ဒပြခဲ့သည်။

(ဘီဘီစီ)

မဲခေါင်နိုင်ငံများသို့ ဂျပန်ကဆေးပစ္စည်းများတင်ပို့ရန် စဉ်းစား မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ဆေးရုံများထူထောင်ပေးရန်စီစဉ်

တိုကျို နိုဝင်ဘာ ၂၅

ဂျပန်နိုင်ငံက ယခုသီတင်းပတ်ကုန်ပိုင်းတွင် ပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍများအပါအဝင် လုပ်ငန်းတစ်ရပ်ထူထောင်လျက် အရှေ့တောင်အာရှဒေသရှိ မဲခေါင်ငါးနိုင်ငံသို့ ဆေးနှင့်ဆက်စပ်ပစ္စည်းများတင်ပို့မှု မြှင့်တင်သွားရန် အလေးအနက်စဉ်းစားနေကြောင်း နိုဝင်ဘာ ၂၅ ရက်က ဒေသဆိုင်ရာ မီဒီယာ၌ သတင်းဖော်ပြသည်။

အဆိုပါလုပ်ငန်းထူထောင်မှုသည် ဂျပန်နိုင်ငံက ၎င်း၏ အထူးဆေးဘက်ဆိုင်ရာနည်းပညာများကို ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများသို့ တင်ပို့မှုမြှင့်တင်သွားမည်ဖြစ်ကြောင်း ဂျပန်ကျိုဒိုနယူးစ်တွင် ဖော်ပြသည်။

ယင်းဆောင်ရွက်ချက်သည် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ဖွံ့ဖြိုးမှုမဟာဗျူဟာတစ်ရပ်ဖြစ်ပြီး ဂျပန်နိုင်ငံက လာမည့်လတွင် တိုကျိုမြို့၌ ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၄၀) ပြည့်အခမ်းအနား၌ မဲခေါင်နိုင်ငံများနှင့် ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးရန် စီစဉ်လျက်ရှိကြောင်း အစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ၎င်းသတင်းစာက ဖော်ပြသည်။

အဆိုပါ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို နိုင်ငံခြားရေးနှင့်စီးပွားရေး ဝန်ကြီးဌာနမှ ဂျပန်တာဝန်ရှိသူများ၊ ဆေးရုံနှင့် အာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကျိုဒိုက ဖော်ပြသည်။

ဂျပန်နိုင်ငံသည် ၂၀၁၅ ခုနှစ် မတ်လတွင် ကမ္ဘောဒီးယားနိုင်ငံ၌ အရေးပေါ်ကယ်ဆယ်ရေးဆေးရုံထူထောင်ပေးရေး၊ လာအိုနိုင်ငံသို့ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးနှင့် မြန်မာနိုင်ငံ၌ ဆေးရုံများထူထောင်ပေးရန် စီစဉ်လျက်ရှိသည်။ ဂျပန်နိုင်ငံက ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် စီစဉ်လျက်ရှိသည်။

(ဆင်ဟွာ)

သိမ်းပိုက်အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးက အခြေချနေအိမ် ၈၀၀ ဆောက်မည်

တဲလ်အဗစ် နိုဝင်ဘာ ၂၅

အစ္စရေးက သိမ်းပိုက်အနောက်ဘက်ကမ်းဒေသ၌ အခြေချနေအိမ်သစ်အလုံး ၈၀၀ နီးပါးဆောက်လုပ်သွားရန် သဘောတူလိုက်ပြီဖြစ်သည်။

တဲလ်အဗစ်အစိုးရက နိုဝင်ဘာ ၂၄ ရက်က အဆိုပါဒေသ၌ အခြေချနေအိမ် ၇၉၉ လုံးဆောက်လုပ်သွားရန် မီးစိမ်းပြလိုက်ကြောင်း အစ္စရေးနေ့စဉ်သတင်းစာဟာဘာရက်က ပြောသည်။ အဆိုပါ နေအိမ်သစ်များဆောက်လုပ်ရာတွင် **(ယာပုံ)** ဂျေရုဆလင်မြောက်ဘက် ဂီဗက်ဇီးလ်အရပ်၌ နေအိမ် ၄၀၉ လုံးဆောက်လုပ်မှုလည်း ပါဝင်သည်ဟုဆိုသည်။

အစ္စရေးက သိမ်းပိုက် အနောက်ဘက်ကမ်းဒေသ၊ အရှေ့ဂျေရုဆလင်နှင့် ဆီးရီးယားဂိုလန်ကုန်းမြင့်ဒေသတို့၌ အခြေချနေအိမ်များ ဆောက်လုပ်နေခြင်းသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်က ဆုံးဖြတ်ချမှတ်ခဲ့သည့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာကျကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်သစ်သည် အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်၌ နေအိမ် ၂၄၀၀၀ ဆောက်လုပ်ရေးအစီအစဉ်ကို ဆိုင်းငံ့ခဲ့ပြီး နှစ်ပတ်မပြည့်မီ ထွက်ပေါ်လာခြင်း ဖြစ်သည်။

(ဘီဘီစီ)

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ကမ်းနီးကမ်းဝေးရေယာဉ်များ မုန်တိုင်းအန္တရာယ်မှရှောင်ရှားနိုင်ရန် အသိပေးကြေညာ

နိုဝင်ဘာလ ၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "လီဟာ" (LEHAR) သည် အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု ပို့ဘလဲယားမြို့၏ အနောက်မြောက်ဘက် ၁၂၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း သတင်းရရှိသည်။

သို့ဖြစ်ပါ၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း၊ ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အဆိုပါမုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများတွင် အချိန်မီခိုလှုံကြပါရန် အသိပေးကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံကာကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)

(ခ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်)

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(င) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊သဘော်ဆိပ်(မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(စ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်)

(ဆ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ(မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်)

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ကဒုံကနိကျေးရွာ (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

၂။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်းမပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့် ကျွန်းများတွင် ကျွန်းခိုကြရန် ကြေညာအပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

❐ *ကျော့ဖုံးမှ*

ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

လူကုန်ကူးမှုပပျောက်ဖို့ တစ်မျိုးသားလုံးပါဝင်ကြစို့

ဖခင်အမည်မှန်

ဘားအံတက္ကသိုလ်တွင် တတိယနှစ် ရူပဗေဒအထူးပြုဖြင့် တက်ရောက်ပညာသင်ကြားနေသော နန်းသန်းသန်းညွန့် ၃/ကကရ(နိုင်)၁၄၈၄၅၄ ၏ ဖခင်အမည်မှန်မှာ ဦးစောမြတ်ခိုင်(ခ)ဦးမြခိုင် ၃/ကကရ(နိုင်)၁၆၂၉၆ ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်မည့် မော်လမြိုင်၊ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
၁။	ဘိလပ်မြေ (ကြွတံဆိပ်)	၅၀၀ တန်
၂။	Granite (ကျောက်ပြား) (၂'၀"×၂'၀")	၃၅၀၀ ချပ်
၃။	တောသစ်(အင်/ကညင်)	၁၅၀ တန်
၄။	Emulsion Paint (Special Colour)	၂၅၀၀ ဂါလန်
၅။	Oil Paint	၄၀၀ ဂါလန်
၆။	Thinplug (25kg/bag)	၁၅၀၀ အိတ်

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား ၂၇-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၀-၁၂-၂၀၁၃ ရက် နံနက် ၁၀ နာရီ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ (ဖုန်း-၀၅၇-၂၄၉၁၈)

အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)
ဖုန်း-၀၁-၅၇၇၁၀၃၊ ၀၁-၅၆၂၁၉၇

သံတွဲမြို့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ် ပြစ်မှုကျူးလွန်သူများအား တရားစွဲတင်

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် သံတွဲမြို့ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် အားပေးအားမြှောက်ပြုသူများ၊ ကိုယ်တိုင်ပြစ်မှုကျူးလွန်သူများ၊ နောက်ကွယ်မှ ပဋိပက္ခများဖြစ်ပေါ်စေရန် ကြိုးကိုင်သူများစသည့် ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ အထူးအမှုစစ်အဖွဲ့များကို ဖွဲ့စည်းစစ်ဆေးဖော်ထုတ်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်အထိ ဖြစ်ပွားခဲ့သည့် အမှုပေါင်း ၁၉ မှုကို တရားစွဲတင်နိုင်ခဲ့ပြီး သံသယရှိသူ ၁၀၂ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးထားသူများထဲမှ ကိုးဦးအား ပြစ်မှုကျူးလွန်မှုရှိကြောင်း ပေါ်လွင်မှုမရှိသဖြင့် ပြန်လည်စေလွှတ်ခဲ့ပြီး အမှုများမှ ပြစ်မှုကျူးလွန်သူ ၉၃ ဦးတို့အား တရားစွဲတင်နိုင်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်သူ ၇၁ ဦးတို့အား တရားခံပြေးအဖြစ် စွဲတင်ထားရှိပြီး ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးနှင့် ထွက်ပြေးတရားခံများ ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ၊ ပြည်သူလူထုများမှ ပူးပေါင်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မြောင်းမြအကျဉ်းထောင်စစ်ဆေး

ပုသိမ် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြောင်းမြအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား၊ အကျဉ်းသူများအား နေရာထိုင်ခင်း သက်သာချောင်ချိမှုနှင့် သန့်ရှင်းစွာထားရှိမှု၊ စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

တရားရုံးစစ်ဆေး

တိုင်းဒေသကြီး တရားသူကြီးချုပ်သည် မြောင်းမြရဲစခန်းသို့ ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြောင်းမြခရိုင်တရားရုံး၌ ခရိုင်နှင့် ခရိုင်အတွင်းရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တရားသူကြီးများနှင့် တွေ့ဆုံ၍ အမှုများ မြန်ဆန်ထိရောက်စွာပြီးပြတ်စေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆုံးဖြတ်ရေးတို့ကိုမှာကြားပြီး မြောင်းမြခရိုင် တရားရုံးနှင့် မြို့နယ်တရားရုံးတို့ကိုလည်း စစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာအကတစ်ခုဖြစ်သည့် ဒုံးယိမ်းအဖွဲ့ ကပြဖျော်ဖြေပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၄ ရက် ညပိုင်းက စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်၌ ကပြဖျော်ဖြေနေသည်ကိုတွေ့ရစဉ်။ (လ/၀၀၃)

ပညာရေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ပညာရေးကို စိတ်ပါဝင်စားကြသည့် လူငယ်များအတွက် ယနေ့တွင် အခွင့်အလမ်းများစွာ ပေါ်ထွက်နေပြီဖြစ်သည်။ မိမိသင်ယူလိုသော ဘာသာရပ်များကို ရွေးချယ်မှုမမှားစေရန် ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းများကလည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးလျက်ရှိသည်။

ယင်းတို့အနက် ပြည်ပ၌ပညာသင်ယူလိုသည့် ကျောင်းသားများအတွက် ပညာရေးဝန်ဆောင်မှု တစ်ခုဖြစ်သည့် Myanmar Search International(MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှု ကုမ္ပဏီသည် ကမ္ဘာအနှံ့အပြားရှိ တက္ကသိုလ်များနှင့်ချိတ်ဆက်ကာ မြန်မာကျောင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည့် ပညာရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ထရိတ်ဒါးဟိုတယ်၌ ကျင်းပ သည်။

MSI သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများသို့ ပညာသင်ကြားလိုသည့် ကျောင်းသားများအတွက် နေထိုင်စားသောက်ရေးအပါအဝင် ချိတ်ဆက်ပေးနေသည့် ပြည်တွင်းမှ ပညာရေးဝန်ဆောင်မှုအဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက နှစ်ပေါင်း ၁၀၀ အတွင်း ကမ္ဘာ့ခေါင်းဆောင်များကို မွေးထုတ်ပေးနေသော အမေရိကန်ပညာရေးနှင့် Webster University အပါအဝင်ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၁၀၀ ကျော်တို့၌ International Relations, Psychology, Media Communications ဘာသာရပ်များကို သင်ကြားနိုင်သည့် အခွင့်အလမ်းများနှင့် ခေတ်မီနည်းပညာဖြင့် အနာဂတ်စီးပွားရေးလုပ်ငန်းရှင်ဖြစ်လိုသော ကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆု(အမေရိကန် ဒေါ်လာ ၂၄၀၀၀) ချီးမြှင့်မည့် ပညာရေးနည်းလမ်းများကို အဓိကထား ဆွေးနွေးခဲ့သည်။

ခင်ချိုဝင်း

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် မုန်းလောင်ရွာရှိ ရန်ကွမ်းဟုတ်၏ နေအိမ်ကို လုံခြုံရေးအဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုခန့်တစ်တုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ စုစုပေါင်း ဒေသတန်ဖိုး ၂၄၂၀၀၀၀ ကျပ်နှင့်အတူ မဖြိုးရတနာကို(ခ)ရန်မီဟုတ် (၁၂ နှစ်)ကို ဖမ်းဆီးရမိသည်။

ဆက်လက်၍ သတင်းအရ မုန်းလောင်ရွာအတွင်းရှိ ရန်ကွမ်းယုနေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်း သံသေတ္တာဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂၀၄၀ပြား၊ ဆာလာအိတ်အတွင်း ဘိန်းဖြူမှုန့်ထည့်ထားသည့် ဆပ်ပြာခွက် ၄၉၅ ခွက်၊ ၅ ဒသမ ၉၄ ကီလို စုစုပေါင်း ဒေသတန်ဖိုး ၈၉၆၉၄၀၀၀၀ ကျပ်ခန့်နှင့်အတူ ရန်ရှောင်ဖ(ခ) ရန်လောက်စံ (၃၈နှစ်) (ဘ)ရန်ကွမ်းယုကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ

ကြူစိန်

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်အပိုင်းမှ ဓာတ်အားပျောက်ဆုံးမှုမှာ ၁၈ ရာခိုင်နှုန်းရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ပါရှိသည့်အတွက် စာဖတ်ပရိသတ်အများစုတို့မှာ ဓာတ်အားပျောက်ဆုံးမှုကို စိတ်ဝင်စားနေကြပါသည်။ ဓာတ်အားပျောက်ဆုံးမှုများကြောင့်လည်း နိုင်ငံတော်အတွက် များစွာနစ်နာဆုံးရှုံးရပါသည်။

ကျွန်တော်သည် လျှပ်စစ်စစ်ဆေးရေးဌာနမှ အငြိမ်းစားတစ်ဦးဖြစ်ပါသည်။ ကျွန်တော့် လုပ်ငန်းအတွေ့အကြုံနှင့် လေ့လာသိရှိထားသည့် ဓာတ်အားပျောက်ဆုံးမှုအချို့တို့ကို တင်ပြလိုပါသည်။

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု သို့မဟုတ် လျှပ်စစ်ဓာတ်အားယုံနစ်ပျောက်ဆုံးမှု၏ အဓိပ္ပာယ်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုယူနစ်နှင့် သုံးစွဲသည့်ယူနစ်တို့၏ ကွာဟခြားနားချက်ကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ- တစ်လအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုယူနစ်မှာ ယူနစ်တစ်သိန်းရှိ၍ ဓာတ်အားသုံးစွဲသည့်ယူနစ်မှာ ယူနစ်ရှစ်သောင်းရှိသော် ခြားနားချက်သို့မဟုတ် ဆုံးရှုံးမှု(ပျောက်ဆုံးမှု)မှာ ယူနစ်နှစ်သောင်းဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်းဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကို ဓာတ်အားထုတ်လုပ်ရာစက်ရုံများမှ ဓာတ်အားခွဲရုံများ ဓာတ်အားလိုင်းများဖြင့် ဓာတ်အားသုံးစွဲသည့်နေရာအထိ မိုင်ပေါင်းများစွာ သွယ်တန်းရပါသည်။ ဓာတ်အားလိုင်းတွင် လျှပ်စစ်ဓာတ်စီးသော လိုင်းကြိုးများ၏ခုခံမှု (Resistance) များကြောင့် ဓာတ်အားဆုံးရှုံးပါမည်။ လိုင်းကြိုးရှည်သော် ဆုံးရှုံးမှုပိုများပါမည်။ ထို့အပြင် လျှပ်တာပြောင်းများ (Transformer) ၏ ဝန်မဲ့ဆုံးရှုံးမှု (No Load Losses) နှင့် ဝန်ပြည့်ဆုံးရှုံးမှု (Full Load Losses) များကြောင့်လည်း ဓာတ်အားဆုံးရှုံးနိုင်ပါသည်။ ထို့ကြောင့် ဓာတ်အားပျောက်ဆုံးမှုမှာ ရှိနေပါမည်။ သို့ရာတွင် သတ်မှတ်ထားသော ရာခိုင်နှုန်းအထိ ရှိနေစေရန် ဓာတ်အားပျောက်ဆုံးမှုကို လျှော့ချရပါမည်။ ဓာတ်အားပျောက်ဆုံးမှုမှာ ၁၀ ရာခိုင်နှုန်းထက် မပိုရပါ။

ဗို့အားမြင့်နှင့် မဟာဓာတ်အားလိုင်းများတွင် ဓာတ်အားလိုင်းများကြောင့် ဓာတ်အားပျောက်ဆုံးမှုမှာ ရှိမည်ဖြစ်သော်လည်း စနစ်တကျပုံစံထုတ်၍ တည်ဆောက်ထားသည့်အတွက် ဓာတ်အားပျောက်ဆုံးမှုမှာ သတ်မှတ်ချက်အတွင်းသာ ရှိပါမည်။ အထူးသဖြင့် ရပ်ကွက်၊ မြို့နယ်အနှံ့လမ်းသွယ်လေးများအတွင်းအထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာအပိုင်း၊ ဗို့အားအနိမ့်လိုင်းများ(၂၃၀/၄၀၀ ဗို့)တွင် ဓာတ်အားပျောက်ဆုံးမှုမှာ အများဆုံးဖြစ်ပါမည်။

ဓာတ်အားပျောက်ဆုံးမှုတွင် နည်းပညာဆိုင်ရာဓာတ်အားပျောက်ဆုံးမှု (Technical Losses) နှင့် နည်းပညာနှင့်မသက်ဆိုင်သော ဓာတ်အားပျောက်ဆုံးမှု (Non-Technical Losses) ဟူ၍ ရှိပါသည်။

နည်းပညာဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှုတွင် အောက်ပါအချက်များ ပါဝင်ပါမည်-

၁။ ဓာတ်အားခွဲရုံ(Sub-station)များ၏ သက်တမ်းကြာမြင့်နေခြင်း။

၂။ ဓာတ်အားလိုင်းကြိုး၏ အရွယ်အစား(size)နှင့် ဝန်အား (load) ကိုက်ညီမှုကန့်မှုမရှိခြင်း။

၃။ လျှပ်တာပြောင်းများတွင် ဆီနည်းခြင်း(Transformer oil)၊ ဆီခန်းခြင်း၊ ဆီ၏ခွမ်းရည် (Dielectric strength)နိမ့်ကျခြင်း။

၄။ လိုင်းဖြတ်ခလုတ် (Circuit Breaker)များ ချေးတက်ခြင်း၊ မီးခိုးရိုက်ခြင်း၊ မီးစားခြင်း။

၅။ မြေအောက်ကြိုး(U/G Cable)များပေါက်၍ ဓာတ်အားယိုစီးခြင်း၊ ကြိုးအဆက်(Cable joint)များ မလုံခြင်း။

၆။ အိမ်သွယ်ကြိုး (Service wire)များပေါက်၍ ဝန်ထမ်းကြိုးသို့ ဓာတ်အားယိုစီးခြင်း၊ အိမ်သွယ်ကြိုးများ ရှည်လျားခြင်း။

၇။ စက်ရုံနှင့် အိမ်သုံးမီတာ (Kwh-meter)များ ဟောင်းနွမ်း၍ မှန်ကန်မှုမရှိခြင်း။

နည်းပညာနှင့် မသက်ဆိုင်သော လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများမှာ-

၁။ ဓာတ်အားလိုင်းကြိုးများ သစ်ပင်၊ သစ်ကိုင်းများနှင့်ထိနေခြင်း။

၂။ ဓာတ်အားခွဲရုံအတွင်း သစ်ပင်နွယ်ပင်များ တက်နေခြင်း။

၃။ လမ်းမီးများမှတစ်ဆင့် တရားမဝင် လမ်းမီးများထွန်းခြင်း။

၄။ ဓာတ်အားလိုင်းနှင့် တိုက်ရိုက်ချိတ်၍ လျှပ်စစ်ဓာတ်အား သုံးခြင်း။

၅။ လျှပ်စစ်မီတာမတက်စေရန် နည်းမျိုးစုံဖြင့် မီတာကိုပြုပြင်၍ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်း စသည်တို့ဖြစ်ကြပါသည်။

အထက်တွင် ဖော်ပြထားသော အချက်များမှာ ယေဘုယျသာဖြစ်ပြီး လက်တွေ့တွင် ယခုထက်ပို၍ များပါမည်။ ထို့ကြောင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရန် လုပ်ဆောင်ရမည့်အချက်များမှာလည်း များပြားပါမည်။ နိုင်ငံတော်၏ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားသော နေရာဒေသအားလုံးအကျုံးဝင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့်ကိစ္စလည်းဖြစ်ပါသည်။ သို့သော် အဓိကကျသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ လဲလှယ်ခြင်း၊ အစားထိုးခြင်း၊ အသစ်တပ်ဆင်ခြင်းနှင့်ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေနိုင်ပါမည်။ မြို့နယ်များအတွင်းသွယ်တန်းထားသော ဓာတ်အားလိုင်းများသည် သစ်ပင်သစ်ကိုင်းများနှင့်မလွတ်ကင်းနိုင်ကြပါ။ သစ်ပင်၊ သစ်ကိုင်းများနှင့်ဓာတ်အားလိုင်းထိသော် သစ်ပင်၊ သစ်ကိုင်းများမှတစ်ဆင့် မြေသို့လျှပ်စစ်ဓာတ်အားစီးမည်ဖြစ်၍ ဓာတ်အားဆုံးရှုံးမှုများရှိနေပါမည်။ ထို့ကြောင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကိုလည်း အချိန်သတ်မှတ်၍ ရှင်းလင်းသင့်ပါသည်။

လမ်းမီးများမှတစ်ဆင့် တရားမဝင်လမ်းမီးထွန်းခြင်း၊ ဓာတ်အားလိုင်းနှင့် တိုက်ရိုက်ချိတ်၍ လျှပ်စစ်ဓာတ်အားသုံးခြင်းနှင့် မီတာကို ပြုပြင်သုံးစွဲခြင်းများသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် ခိုးယူသုံးစွဲခြင်းသာဖြစ်၍ သုံးစွဲသူများသည် ဥပဒေအရအရေးယူခံရနိုင်ပါသည်။ ထိုသို့မဖြစ်စေရန် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တို့နှင့် ညှိနှိုင်းကာ သတိပေးစာတန်းများဖြန့်ဝေခြင်း၊ ပညာပေးဟောပြောခြင်းများစသည်တို့ကို ရပ်ကွက်/ ကျေးရွာအထိ ကွင်းဆင်းဆောင်ရွက်ရပါမည်။ ထိုမှတစ်ဆင့် စစ်ဆေးခြင်း၊ အရေးယူခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်မည်ဆိုပါက လျှပ်စစ်ဓာတ်အားကို တရားမဝင်သုံးစွဲမှုများ လျော့နည်းပပျောက်မည်ဖြစ်ပါသည်။ ထို့အပြင် မီတာလျှော့ကာထားသူများကိုလည်း လွယ်ကူလျင်မြန်စွာချပေးသင့်ပါသည်။

သစ်ပင်၊ သစ်ကိုင်းများနှင့် ဓာတ်အားလိုင်းထိသော် သစ်ပင်၊ သစ်ကိုင်းများမှတစ်ဆင့် မြေသို့လျှပ်စစ်ဓာတ်အား စီးမည်ဖြစ်၍ ဓာတ်အားဆုံးရှုံးမှုများ ရှိနေပါမည်။ ထို့ကြောင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကိုလည်း အချိန်သတ်မှတ်၍ ရှင်းလင်းသင့်ပါသည်။

ဓာတ်အားလိုင်းကြိုးများသည် လျှပ်ကာမဲ့လျှပ်ကူးကြိုးများ (Bare Conductor)ကို သုံးရသည့်အတွက် ဓာတ်အားဆုံးရှုံးမှုများ၍ လျှပ်ကာပါသော လျှပ်ကူးကြိုးများ (Aerial Bundled Conductor) ကိုသုံးရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ အကြံပြုကြောင်းလည်း သိရပါသည်။ ထို့အပြင် အိမ်သုံးမီတာများကိုလည်း ဒစ်ဂျစ်တယ်မီတာများသို့ ပြောင်းလဲတပ်ဆင်မည်ဖြစ်၍ ထိုအချက်များသည် အကုန်အကျများမည်ဖြစ်သော်လည်း ရေရှည်အကျိုးရှိမည်ဖြစ်၍ ကြိုဆိုပါသည်။

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများကြောင့် နိုင်ငံတော်မှ ဘဏ္ဍာငွေများစွာဆုံးရှုံးရပါသည်။ ဓာတ်အားပျောက်ဆုံးမှုကို လေးရာခိုင်နှုန်းလျှော့ချနိုင်ပါက နိုင်ငံတော်အတွက် ကျပ်သန်း ၆၉၅၈ သက်သာမည်ဖြစ်ကြောင်း သိရပါသည်။ နိုင်ငံတော်၏ ဆုံးရှုံးခြင်းသည် ပြည်သူများဆုံးရှုံးခြင်းဖြစ်ပါသည်။ သို့အတွက် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းစေရန် စီမံချက်ချ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ပြည်ထောင်စုအဆင့် ဌာနများနှင့် နယ်မြေဒေသသွားရောက်မည့်ကိစ္စ ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၅

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ပြည်ထောင်စုအဆင့်ဌာနများနှင့် နယ်မြေဒေသအသီးသီးသို့ သွားရောက်မည့်ကိစ္စ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ကော်မတီဆောင် အမှတ် (၁၇) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် အတွင်းရေးမှူး ဦးခင်မောင်ငွေ၊ ကော်မတီဝင်များ၊ ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက်ဆွေးနွေးရန်ရှိသည့်ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအပေါ် ဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေး

လွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုအစိုးရထံသို့ မေးမြန်းထားရှိသည့် မေးခွန်းများအပေါ် ဝန်ကြီးဌာနများက အမှန်တကယ်ဆောင်ရွက်မှု ရှိ/ မရှိ ဆောင်ရွက်နေသည့်လုပ်ငန်းများ အနေဖြင့်လည်း ပြီးစီးမှုရာခိုင်နှုန်း အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။ ကော်မတီဥက္ကဋ္ဌက နယ်မြေဒေသအသီးသီးသို့ ကော်မတီအဖွဲ့ဝင်များမှ သွားရောက်လေ့လာစိစစ်ရာတွင်လည်း အခြေအနေမှန်များကို အခြေအနေမှန်အတိုင်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပေးစေလိုကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

မွန်ပြည်နယ်အတွင်း UNDP မှ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ ကျေးလက်ပူးပေါင်းလေ့လာ အကဲဖြတ်ခြင်း၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းသင်တန်းကို နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့ပြီး မော်လမြိုင်မြို့ UNDP အခြေစိုက်ရုံးမှ ဦးဇော်ဝင်းစိုးနှင့် အဖွဲ့ဝင်များက သင်တန်းပို့ချပေးပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၀ ခန့်တက်ရောက်၍ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အလားတူ ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်း ဒေသန္တရအုပ်ချုပ်ရေး အစီအစဉ်၊ ကျေးလက်ပူးပေါင်းလေ့လာ အကဲဖြတ်ခြင်းနည်းဖြင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းသင်တန်းကို ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင် UNDP မှ မွန်ပြည်နယ် ညှိနှိုင်းရေးမှူးနှင့်အဖွဲ့တို့သည် ပေါင်မြို့နယ် ရှင်းငြိမ်မြောက်/ တောင်ကျေးရွာပါ ကျေးရွာ ၁၈ ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၄၀ ခန့်တို့ကို UNDPမှ လုပ်ဆောင်ချက်များကို ရှင်းလင်းကာ သင်တန်းပို့ချသည်။

အဆိုပါ သင်တန်းကို ပေါင်မြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု ၅၄ စုမှ သင်တန်းသား ၁၀၈ ဦးကို တစ်ရက်လျှင် ၃၆ ဦးစီ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။ (လ/၀၁၂)

ဓမ္မပါလဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အောင်သာကျေးရွာအုပ်စု ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၈၄/၅) တောင်ဘက်ရှိ ရက်ကန်းစင်တောင်တော် ဓမ္မပါလဘုန်းတော်ကြီးကျောင်း၌ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ (အောက်ပုံ)

ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေး ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝါသဝနှင့် အကျိုးတော်ဆောင် ဆရာတော်များ၊ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ်သာသနာရေးမှူး၊ ရပ်ကျေးသံဃနာယက ဆရာတော်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဇော်မျိုးနိုင်

မှူခင်းကျဆင်းရေး ပညာပေးဟောပြော

ဖျာပုံ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ဒေးဒရဲမြို့နယ် ဓနုန်းကုန်းကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာရှိ တဝဂူကျောင်းတိုက်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒေးဒရဲမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လူက မှုခင်းကျဆင်းရေးအတွက် ပြည်သူများ သိသင့်သိထိုက်သည့် ဆောင်ရန်ရှောင်ရန်အချက်များကို လက်တွေ့ကျသော အတွေ့အကြုံများ ဥပမာများဖြင့် ရှင်းလင်းဟောပြောသည်။ (အောက်ဝဲပုံ)

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများကလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဒေးဒရဲမြို့နယ်အဆင့် ကျန်းမာရေးဌာနနှင့် တိုင်းရင်းဆေးကုသရေးဌာနမှ ဆရာဝန်၊ ဆရာမများလိုက်ပါသွားကြပြီး တက်ရောက်လာကြသည့် ရွာသူရွာသားများအား အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး ဒေးဒရဲမြို့နယ်အတွင်းတွင် ယခုကဲ့သို့ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်မှာ (၂၂)ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ သူဇာနွယ်(ဖျာပုံ)

ပြည်တွင်းသတင်း

လွှတ်တော်အတွင်း မသိနိုင်သည့်ကိစ္စရပ်များ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ရသည့်အတွက် ပိုမိုနားလည် ဒေသခံပြည်သူများ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ပွင့်ပွင့်လင်းလင်းတင်ပြစေလို

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲက ပြည်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က ပြည်ခရိုင်အတွင်း ဒေသဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာ၌ လွှတ်တော်အတွင်း၌ ပြည်သူများ၏ဆန္ဒများကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းအတည်ပြုခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်အတွင်းတွင် မသိနိုင်သည့်ကိစ္စရပ်များကို ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ တင်ပြဆွေးနွေးရသည့်အတွက် ပိုမိုနားလည်သိရှိရပါကြောင်း၊ မိမိလွှတ်တော်တွင် တိုက်တွန်းပြောကြားနေသည့်အတိုင်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများမထားကြဘဲ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပိုမိုရှင်သန်ခိုင်မာလာစေရန်အတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ဆန္ဒသဘောထားများ မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြု ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံရေးပါတီများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေးနှင့် မိမိတို့ဒေသများ၏ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက တိုင်းပြည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မှု စသည်တို့ကို ထိခိုက်မှုမရှိစေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းပြင်ဆင်ရန်အတွက် လေ့လာသုံးသပ်လျက်ရှိပါကြောင်း၊ မည်သည့်အရာကို အကောင်အထည်ဖော်ဆောင်ရွက်သည်ဖြစ်စေ တရားဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပြီး အများပြည်သူတို့၏ ဆန္ဒသဘောထားနှင့်အညီ ရွေးချယ်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များက ဥပဒေများကို "ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်း" ဆောင်ရွက်ရာတွင် တရားမျှတပြီး အများပြည်သူတို့လိုက်နာနိုင်သည့် ဥပဒေဖြစ်ရန် လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး တိုင်းရင်းသားအခွင့်အရေး ကာကွယ်ရေးဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက် ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ပြည့်နှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမေစိုးဦး၊ ဒေါ်အမာနှင့်တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဂျူဂျူစန်း၊ နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာန ဒေါက်တာထွန်းမြင့်နှင့်ဆရာဝန်များ၊ နေပြည်တော် ကောင်စီနယ်မြေမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဥတ္တရသီရိခရိုင်နှင့် ပုဗ္ဗသီရိမြို့နယ် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်း၏ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ခုတင် (၁၀၀၀) နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ ပျဉ်းမနားမြို့နယ်ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးမှ မျက်စိ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့တို့ သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သရက်သမိန်ကျေးရွာသို့ ကွင်းဆင်း၍ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်က "သက်ကြီးရွယ်အို ဘိုးဘွားများအတွက် ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာ" သိကောင်းစရာများအကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီးဒေါက်တာစမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်း၊ ကိုယ်ဝန်ဆောင် စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့် ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်းကိုလည်းကောင်း၊ ရုံးအဖွဲ့မှူးဦးဝေမျိုးဟန်က "သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း" ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး**(အပေါ်ပုံ)**နှင့်မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကိုအနှီးပိတ်၊ အိုင်အိုဒင်း ဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အို ဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကိုကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများအား ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ကိုယ်ဝန်ဆောင် ၄၈ ဦး၊ ဘိုးဘွား ၉၉ ဦး၊ သွားလူနာ ၃၀၊ မျက်စိလူနာ ၁၀၁ ဦးနှင့်ပြင်ပလူနာ ၁၅၅ ဦးတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဘုရင့်နောင်တံတား အမှတ်(၂)စစ်ဆေး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်မှာကြား

နေပြည်တော် နိုဝင်ဘာ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် နိုဝင်ဘာ ၂၄ရက် မွန်းလွဲပိုင်းက ဘုရင့်နောင်တံတားအမှတ် (၂) တည်ဆောက်ရေးလုပ်ငန်းခွင် (ဘုရင့်နောင်ဘက်ကမ်း)သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် တံတားချဉ်းကပ်လုပ်ငန်း ဆောင်ရွက်နေမှု၊ ရေလယ်တိုင်များ ကွန်ကရစ် သွန်းလောင်းထားမှုတို့ကို စစ်ဆေးပြီး ချဉ်းကပ်တံတားနှင့် ချဉ်းကပ်လမ်းမြေကြီးလုပ်ငန်းကိုပါ တစ်ပါတည်း ပြီးစီးအောင်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ဘုရင့်နောင်ဘက်ကမ်းနှင့် လှိုင်သာယာဘက်ကမ်းတို့၏ တံတားလုပ်ငန်းများ၊ ရေလယ်တိုင်များ ကွန်ကရစ်လောင်းနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး၊ လုပ်ငန်းတိုးတက်မှုရှိစေရေး တာဝန်ရှိသူများက အမြဲမပြတ် ကြီးကြပ်ကွပ်ကဲရန်နှင့် စံချိန်စံညွှန်း ပြည့်မီရေးတို့ကို မှာကြားကာ လှိုင်သာယာဘက်ကမ်း တံတားချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

▲ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေရှိ ရွက်လှေအားကစားပြိုင်ပွဲကျင်းပမည့် ငွေဆောင်ရွက်လှေကလပ်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ဒုတိယသမ္မတအား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းတို့က (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွက်လှေအားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ထားမှုများနှင့် မြန်မာ့ရွက်လှေ အားကစားအဖွဲ့ အောင်မြင်မှု ရရှိရေးအတွက် ရည်မှန်းကြိုးပမ်းနေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြိုင်ပွဲကျင်းပရေးအတွက် ပြင်ဆင်ထားမှုများမှာ အားရဖွယ်ကောင်းပါကြောင်း၊ ရွက်လှေကလပ်သို့ လာရာလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်ရေးအတွက် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး ရွက်လှေအားကစား ပြိုင်ပွဲကျင်းပရန် ပြင်ဆင်ထားမှုနှင့် ပြိုင်ပွဲဝင် အားကစားသမားများ ထားရှိမည့် တည်းခိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြန်မာ့လက်ရွေးစင် ရွက်လှေ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ၎င်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ရွက်လှေပြိုင်ပွဲကို ငွေဆောင်ကမ်းခြေတွင် ဒီဇင်ဘာ ၁၁ရက်မှ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၃ မျိုးမှ ရွှေတံဆိပ် ၁၃ ဆု ချီးမြှင့်မည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အနည်းဆုံး ရွှေတံဆိပ်သုံးခုရရှိရန် ရည်မှန်းထားကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်တွင် ပြိုင်ပွဲဝင် အားကစားသမားများအား လက်ခံကြိုဆိုရန်စီစဉ်ထားမှု၊ ဆိုက်ရောက်ဗီဇာများနှင့် အားကစားသမားဝင်ထွက်ခွင့်ကတ်များ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ခေတ္တနားနေဆောင်တွင် ပို့ဆောင်ရေးဌာန ဖွင့်လှစ်၍ အားကစားသမားများ သွားလာရေးအဆင်ပြေအောင် စီစဉ်နေမှုတို့ကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတက အားကစားသမားများ သွားလာမှု အဆင်ပြေစေရေးအတွက် ဧည့်ကြိုများဖြင့် စနစ်တကျကြိုဆိုရန်၊ ခေတ္တနားနေဆောင်ကို သန့်ရှင်းသပ်ရပ်အောင်ဆောင်ရွက်ထားရန်နှင့် စားသောက်ဆိုင်ငယ်များ ဖွင့်လှစ်ပေးထားရန်၊ နေပြည်တော်သို့ဆက်လက်ထွက်ခွာမည့် အားကစားသမားများအတွက် လေကြောင်းခရီးဖြင့်လွယ်ကူချောမွေ့စွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ မော်တော်ယာဉ်များကိုလည်း အသင့်စီစဉ် ထားရှိရန်နှင့် လမ်းခရီးဘေးကင်းလုံခြုံမှု အစီအမံများ စနစ်တကျစီမံ ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဒုတိယသမ္မတသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အားကစားသမားများအား လက်ခံကြိုဆိုရန် စီစဉ်ထားရှိမှုနှင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲကျင်းပမည့် မန္တလာသီရိ အားကစားကွင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာ၌ ယခုအခါတွင် ပြိုင်ပွဲကြီးကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုအားလုံးမှာ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ မန္တလေးမြို့တွင် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ဘောလုံးပြိုင်ပွဲသို့ လာရောက်အားပေးသူများ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ လွတ်လွတ်လပ်လပ် အားပေးနိုင်အောင်၊ လုံခြုံစိတ်ချစွာအားပေးနိုင်အောင်၊ စီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူများကလည်း နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှု၊ အားကစားသမားများ တည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ လေ့ကျင့်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပြိုင်ပွဲကျင်းပမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကိုဖြည့်ဆည်းပေးပြီး အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ အိမ်ရှင် မြန်မာအသင်းနှင့်အတူ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် လေကြောင်း ခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဒုတိယ သမ္မတ ဦး ဉာဏ် ထွန်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘော လုံး အားကစား သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပမည့် မန္တလာသီရိ အားကစားကွင်းကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ဗီယက်နမ်နိုင်ငံတို့မှ ကာယဗလအားကစားသမားများက ကီလိုဝိတ်တန်းတစ်ခုကိုငါးဦးဖြင့် ၅၅ကီလိုတန်း၊ ၆၀ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၈၀ ကီလိုတန်း၊ ၉၀ ကီလိုတန်းဟု ကီလိုတန်းတစ်ခုကို နိုင်ငံတစ်ခုကတစ်ဦး၊ ငါးနိုင်ငံဖြစ်သည့်အတွက် ငါးဦး၊ ကီလိုတန်းအားလုံးအတွက် စုစုပေါင်း ၂၅ ဦး ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းမှစတင်၍ (၅၅-၆၀-၇၀) ကီလိုဝိတ်တန်းယှဉ်ပြိုင်မည်ဖြစ်ပြီး(၈၀-၉၀) ကီလိုဝိတ်တန်းကို ဒီဇင်ဘာလ ၁၅ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ပြီးသည်နှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများကို တစ်ချိန်တည်း ဤခန်းမ၌ ဆုများချီးမြှင့်သွားမှာဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဦးစီးအရာရှိ တစ်ဦးထံက သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် 'မြန်မာ မှ မြန်မာ--- မြန်မာ-ဟေ့ မြန်မာ' ဟု ဂုဏ်ယူဝင့်ကြွားကာ မြန်မာအားကစား ကာယဗလမောင်တို့၏ ခံ့ထည်သန်မာထွားကြိုင်းသော ကာယဗလပညာဖြင့် အောင်မြင်မှုဂုဏ်ဆောင်ကာ'ရွှေ' ဆုများ ဆွတ်ခူးရရှိနိုင်ရေးအတွက် အားကစားဝါသနာရှင် ပရိသတ်အပေါင်းကို လာရောက်ကြည့်ရှုအားပေးကြစေဖို့ ဖိတ်ခေါ်ဆန္ဒပြုလိုက်ပါသည်။

အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုကဏ္ဍတွင် SME ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိ ဆင်းရဲမှုလျှော့ချရေးသာမက နိုင်ငံ၏ GDP တိုးတက်ရေးအတွက် အရေးပါ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံသည် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အဆင့်လိုက် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတကာ အသိအမှတ်ပြုခြင်းကို ရရှိခဲ့ကြောင်း၊ နိုင်ငံအချင်းချင်း (bi-lateral) ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု (Multilateral-cooperation) ပိုမိုတိုးမြှင့်ရုံသာမက နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုရရှိလာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ခဲ့ပြီး ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဝင်ငွေတိုးတက် ရရှိရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးရေးတွင် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရေးကြီးဖွံ့ဖြိုးမှု လုပ်ငန်းများအဖြစ် သတ်မှတ်ခဲ့ကြောင်းဖြင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ Park Royal ၌ ပြုလုပ်သည့် (၃၃) ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ပြောကြားသည်။

ပံ့ပိုး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက် တစ်ခုဖြစ်သည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် ပြည့်မီစေရန်အတွက် နိုင်ငံဆင်းရဲမှုအား ၂၀၁၅ ခုနှစ်၌ ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုကဏ္ဍတွင် SME ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပြီး ဆင်းရဲမှုလျှော့ချရေးသာမက နိုင်ငံ၏ GDP တိုးတက်ရေးအတွက် အရေးပါလှကြောင်း၊ SME လုပ်ငန်းများသည် အာဆီယံစီးပွားရေး၏ အဓိကသွေးကြောဖြစ်ကြောင်း၊ SME ကဏ္ဍသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ထူထောင်မှုမှတစ်ဆင့် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကပံ့ပိုးလျက်ရှိပြီး ASEAN Policy Blue Print for SME Development 2004 - 2014 တွင် ဖော်ပြထားတာကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ သဘောတူညီမှုဆိုင်ရာ လမ်းညွှန်မှုအောက်ရှိ AEC ၂၀၁၅ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များတွင် ပါဝင်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မဟာဗျူဟာမြောက် လုပ်ငန်းနယ်ပယ်များတွင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ စိန်ခေါ်မှုများရှိနေပြီး စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတကာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပသည်။

များစွာနည်းနေသေး

မြန်မာနိုင်ငံသည် စက်မှုဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်ပေါင်း ၁၈ ခု တည်ထောင်ထားသည်။ ၂၀၁၂ခုနှစ် ဇူလိုင်လအထိ လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော် မှတ်ပုံတင်ထားပြီး အသေးစားလုပ်ငန်း ၇၂ ဒသမ ၀၂ ရာခိုင်နှုန်း၊ အလတ်စားလုပ်ငန်း ၁၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် အကြီးစားလုပ်ငန်း ၁၁ ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း၊ လုပ်ငန်းများအနက် စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများ၏ ၆၃ ဒသမ ၅၁ ရာခိုင်နှုန်းသည် ပါဝင်မှုအများဆုံးဖြစ်ကြောင်း၊ ကုန်ပစ္စည်းတင်ပို့မှု၏ ၄၄ ရာခိုင်နှုန်းသည် SME ထုတ်ကုန်များဖြစ်ပြီး လယ်ယာအခြေခံကုန်ပစ္စည်းများသည် အဓိကပို့ကုန်များဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၆ သန်းခန့်ရှိပြီး အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနည်းနေကြောင်း၊ မြန်မာနိုင်ငံ၏ SME ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စက်မှုဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် ဧပြီလတွင် SME ဗဟိုဌာနကို တည်ထောင်ခဲ့ပြီး SME ဥပဒေကို ပြည်တွင်းပြည်ပမှ တတ်သိနားလည်သူများ၏အကြံဉာဏ်များ၊ အကူအညီများဖြင့် ရေးဆွဲလျက်ရှိပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဆူဇူကီးကုမ္ပဏီမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ရဲတပ်ဖွဲ့သုံး မော်တော်ဆိုင်ကယ်အစီးရေ ၁၀၀ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံ ဆူဇူကီးကုမ္ပဏီမှ ရဲတပ်ဖွဲ့သုံးမော်တော်ဆိုင်ကယ်အစီးရေ ၁၀၀ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့်ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၏ အကြံပေး မစ္စတာ အိချိရို မာရုယာမနှင့် တာဝန်ရှိသူများ၊ ဆူဇူကီးကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာတိုရှိဟိရို ဆူဇူကီးနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆူဇူကီးကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌက လှူဒါန်းရခြင်း အကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လှူဒါန်းထားသည့် မော်တော်ဆိုင်ကယ်များ အတွက် ရွှေသော့ကိုပေးအပ်ရာ ဒုတိယဝန်ကြီး ဦးချန်မောင်က လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် (MICC) အဆောက်အအုံဥပစာ၌ ခင်းကျင်းပြသထားသည့်ရဲတပ်ဖွဲ့သုံး ဆူဇူကီး မော်တော်ဆိုင်ကယ်များကို ကြည့်ရှုလေ့လာကြပြီး**(အောက်ပုံ)**မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စီးနင်းမောင်းနှင် သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ်များကို ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အသုံးပြုနိုင်စေရန် ပေးအပ်လှူဒါန်းခြင်း ဖြစ်ကြောင်း၊ အင်ဂျင်ပါဝါ ပိုမိုကောင်းမွန်သည့်ဆူဇူကီး မော်တော်ဆိုင်ကယ်များကို အသုံးပြုခြင်းဖြင့် ဆူဇူကီး၏ ကောင်းမွန်မှုကို မြန်မာပြည်သူများ သိရှိနိုင်မည် ဖြစ်သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းဖြင့် ဆူဇူကီးကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌက အခမ်းအနားတွင် ပြောကြားခဲ့သည်။

(သတင်းစဉ်)

(၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

(၉၃)နှစ်မြောက် အမျိုးသားနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၇-၁၁-၂၀၁၃)

မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ မိဘပြည်သူများ ရောင်စုံသတင်းစာများကို နေ့ချင်းဖတ်ရှုနိုင်ရန်၊ စာဖတ်သူဦးရေပွားများလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအနီးတွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရောင်စုံကိုယ်ပွား သတင်းစာတိုက်နှင့် သတင်းဗျူရိုရုံးအဆောက်အအုံပန္နက်တင်အခမ်းအနားကို ကျင်းပခဲ့သည်။

မွန်ပြည်နယ်၌ ယခုကဲ့သို့ဖွင့်လှစ်နိုင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူအချို့အား သတင်းအဖွဲ့ကတွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြအပ်ပါသည်-

သတင်းအဖွဲ့ (မွန်ပြည်နယ်)

ဒေါက်တာ တိုးတိုးအောင်
ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး
မွန်ပြည်နယ်

ကျွန်တော်တို့ ပြည်နယ်မှာ ခေတ်အဆက်ဆက်က သတင်းစာထွက်ရင် ရက်ကျော်မှဖတ်ရတယ်။ နောက်တစ်ချက်က ပြည်နယ်အတွင်းမှာ လှုပ်ရှားနေတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ၊ အထိမ်းအမှတ်အခမ်းအနားတွေ ဆိုရင်လည်း တကယ့်ကို MRTV, MRTV - 4 တို့ကနေ လွှင့်ဖို့၊ ပါဖို့ဆိုရင် တော်တော်ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့ရပါတယ်။ တချို့သတင်းတွေကပါတာရှိမယ်၊ မပါတာလည်းရှိတယ်။ အခုလို ရောင်စုံကိုယ်ပွား သတင်းစာတိုက်ရော၊ သတင်းဗျူရိုရောလာပြီး ဖွင့်ပြီဆိုတော့ ပထမအဆင့်ကတော့ ဒီနေ့သတင်းစာထွက်ရင် ဒီနေ့သတင်းစာဖတ်ရမယ်။ ဒုတိယအချက်ကတော့ မွန်ပြည်နယ်မှာရှိတဲ့ လှုပ်ရှားမှုတွေကို ဒီသတင်းဗျူရိုရုံးမှာရှိတဲ့ ဝန်ထမ်းတွေကနေ အချိန်နဲ့အမျှ ချက်ချင်းသတင်းတွေသွားယူမယ်။ ဒီကနေချက်ချင်း တိုက်ရိုက်ထုတ်လွှင့်တဲ့ အစီအစဉ်တွေဖြစ်လာမယ်။ အဲသလိုဆိုရင် ကျွန်တော်တို့က တော့ ပြည်သူလူထုအကျိုးရှိတဲ့ လုပ်ငန်းတွေမှာ အသုံးချရင်းနဲ့ ချက်ချင်း သတင်းစာတွေဖတ်၊ ချက်ချင်း သတင်းထုတ်လွှင့်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။

ဒေါက်တာ တိုးတိုးအောင်
ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး
မွန်ပြည်နယ်။

ဦးကျော်စိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

မော်လမြိုင် ကိုယ်ပွားသတင်းစာတိုက်ဟာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ အောက်မှာရှိတဲ့ ကိုယ်ပွားသတင်းစာတိုက်များအနက် ၁၀ ခုမြောက် ဖွင့်လှစ်တဲ့ ကိုယ်ပွားသတင်းစာတိုက်ဖြစ်ပါတယ်။ တစ်ဆက်တည်း ပြောရရင် ကျွန်တော်တို့ ကိုယ်ပွားသတင်းစာတိုက်တွေက ၂၀၀၁ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အတွင်းမှာ ကိုယ်ပွားသတင်းစာတိုက်ကိုးခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ကိုယ်ပွားသတင်းစာတိုက် (မြိတ်) ကို ဖွင့်လှစ်ခဲ့ပါတယ်။ အခု နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပထမဆုံး ဖွင့်လှစ်တဲ့ကိုယ်ပွားသတင်းစာတိုက်ဖြစ်ပါတယ်။ ပိုပြီးထူးခြားတာက ကျန်တဲ့ ကိုယ်ပွားသတင်းစာတိုက်တွေကတော့ ရွက်ထိုးစက်နဲ့ဖြစ်ပြီး အဖြူအမည်း သတင်းစာတွေပဲ ထုတ်နိုင်တဲ့ ကိုယ်ပွားသတင်းစာတိုက် ဖြစ်ပါတယ်။ ဒီမော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်ရဲ့ ထူးခြားမှုကတော့ ရောင်စုံသတင်းစာ ပတ်လည်စက်အသစ်ကြီးနဲ့ ရိုက်နှိပ်ထုတ်ဝေမယ့် ကိုယ်ပွားသတင်းစာတိုက် ဖြစ်ပါတယ်။ လာမည့် ၂၀၁၄ ခုနှစ်ထဲမှာ စတင်ပုံနှိပ်ဖြန့်ချိနိုင်ဖို့ ယနေ့ ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်ခြင်း ဖြစ်ပါတယ်။ မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်အနေနဲ့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ရှိ မိဘပြည်သူများ ရောင်စုံသတင်းစာများကို နေ့ချင်းဖတ်ရှုနိုင်စေရန်၊ ကျေးလက်ဒေသများအထိ သတင်းစာများဖတ်ရှုနိုင်ပြီး မြို့ပြနဲ့ကျေးလက်ဒေသတို့ သတင်းအချက်အလက် ရရှိနိုင်မှု ကွာဟချက်ကို နည်းပါးသွားစေရေး ဖြည့်ဆည်းပေးရန်၊ စာဖတ်သူဦးရေပွားများလာစေရန်စတဲ့ ရည်ရွယ်ချက်များလည်း ပါဝင်ပါတယ်။

ဦးကျော်စိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

ဦးမျိုးဝင်း
အင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ရောင်စုံကိုယ်ပွား သတင်းစာတိုက် ထုတ်လုပ်ရေးနဲ့ သတင်းဗျူရိုဖွဲ့စည်းတည်ဆောက်ရေး အတွက် ဒီနေရာမှာလာပြီး ပန္နက်တင်မင်္ဂလာအခမ်းအနား လာလုပ်တာဖြစ်ပါတယ်။ သတင်းဗျူရိုဆိုတာကတော့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကနေပြီးတော့ မော်လမြိုင်နဲ့ ဒေသဆိုင်ရာ ပတ်ဝန်းကျင်က သတင်းတွေ ရိုက်ကူးထုတ်လွှင့်ဖို့၊ အဲဒီရိုက်ကူးထုတ်လွှင့်တဲ့သတင်းတွေက ရုံးချုပ်ဖြစ်တဲ့ MRTV တပ်ကုန်းကို တိုက်ရိုက်အမြန်ပို့နိုင်ဖို့ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ သတင်းဗျူရိုအဖွဲ့အစည်းအတွက် ဆောက်မယ့် အဆောက်အအုံမှာတော့ OB Van ကားတစ်စင်းပါပါမယ်။ OB Van ဆိုတာကတော့ ရိုက်ကူးရေးလုပ်တဲ့ မော်တော်ကားကြီးပါ။ နောက်တစ်ခုကတော့ Flywheel Earth Station ဆိုတဲ့ ကားတစ်စီးပါပါမယ်။ နောက်တစ်ခုက ဒီအခန်းထဲမှာ Editing လုပ်မယ့်စက်ပစ္စည်းပါမယ်။ နောက်တစ်ခုက Small Studio တစ်လုံးပါမယ်။ အဲဒီ ၄၅ ပေ၊ ပေ ၅၀ ရှိတဲ့ အဆောက်အအုံတစ်ခုထဲမှာ ဖွဲ့စည်းပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။

ဦးမျိုးဝင်း
အင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား။

ဦးညွန့်ဝင်း
ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်

ကိုယ်ပွား သတင်းစာတိုက်တစ်ခု ဒီဒေသမှာလာပြီး တည်ဆောက်တဲ့အတွက်ဝမ်းသာကြောင်း ပြောလိုပါတယ်။ အရင်ကဆိုရင် တစ်နိုင်ငံလုံးရဲ့ အတိုင်းအတာပေါ့ ဖွံ့ဖြိုးရေးသော်လည်းကောင်း၊ လူမှုရေးသော်လည်းကောင်း သတင်းအချက်အလက်တွေ အချိန်နဲ့တစ်ပြေးညီမသိရဘူး။ နောက်ကျမှ သိရတယ်။ ဒီဒေသမှာ သတင်းစာတိုက်ကြီးတစ်ခုလာပြီး တည်ဆောက်ဖွင့်လှစ်သွားမယ် ဆိုတဲ့အတွက် ဒီဒေသနဲ့တကွ ဒီအောက်အရပ်ဒေသတွေအားလုံးမှာ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်တော့မှာဖြစ်တဲ့အတွက် ရင်ထဲမှာ များစွာဝမ်းသာပါတယ်။ လူငယ်တွေ၊ ပညာတတ်တွေလည်း နိုင်ငံတော်ကချမှတ်ပေးတဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းတွေကို လျင်လျင်မြန်မြန်သိရမယ့်အတွက် လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများလာမယ်လို့ယုံကြည်တယ်။ ဒါကြောင့် ဒီနေရာမှာ သတင်းစာတိုက်နဲ့ သတင်းဗျူရိုကို လာရောက်ဖွင့်လှစ်တဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ပြည်နယ်အစိုးရအဖွဲ့အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။

ဦးညွန့်ဝင်း
ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။

မန္တလေးဆည်းဆာအလှ ကြည့်ရှုခံစားသည့် နိုင်ငံခြားသားခရီးသွားများပြားလာ

မန္တလေး နိုဝင်ဘာ ၂၅

ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေအမြင့်တွင်ရှိသော မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ရင်ပြင်တော်တွင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနေသော နိုင်ငံခြားသားခရီးသွားများ များပြားစည်ကားလျက်ရှိကြောင်း သိရသည်။

“သဘာဝအလှတရားတွေ အများကြီးပြည့်စုံတဲ့ တောင်ဖြစ်ပါတယ်။ ဒါ့အပြင် လာရောက်ကြတဲ့သူတိုင်း ကြည်လင်ရွှင်ပျစေတဲ့ နေရာလည်းဖြစ်တယ်။ တောင်ပေါ်ကို နေဝင်ချိန်လာရောက်ကြတဲ့ နိုင်ငံခြားသားတွေကတော့ ရင်ပြင်တော်ပေါ်မှာ မြင်တဲ့အတိုင်း ပြည့်နေတာပဲ။ **(ယာပုံ)** ဒါကြောင့် ကျန်စစ်သားကုန်းနေရာမှာလည်း ပြုပြင်တည်ဆောက်ထားရတယ်။ ယခုပွင့်လင်းရာသီမှာ မန္တလေးတောင်ကိုလာရောက်သူ တစ်နေ့ကို နိုင်ငံခြားသား ၂၀၀ ဝန်းကျင် ရှိတယ်” ဟု မန္တလေးတောင်ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီသည် မန္တလေးတောင်သို့စတင်ရောက်ရှိပြီး ရှေးမင်းများအဆက်ဆက် ဆောက်လုပ်လှူဒါန်းခဲ့သော သာသနိကအဆောက်အအုံများကို သစ်သားမဖက်၊ သံ၊ အုတ်၊ အင်္ဂတေတို့ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

သစ္စာပြုတောင်သောက်သုံးရေအခက်အခဲကို အများစုပေါင်းလှူဒါန်းငွေဖြင့် လာမည့်နွေရာသီတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်

မိတ္ထီလာ နိုဝင်ဘာ ၂၅

မိတ္ထီလာမြို့နယ် မိတ္ထီလာ-သဖန်းကျေးလမ်းနှင့် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည့် သစ္စာပြုတောင် ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် သံဃာတော်များ ကြုံတွေ့နေရသည့် သောက်သုံးရေအခက်အခဲကို အများစုပေါင်းလှူဒါန်းငွေဖြင့် လာမည့်နွေရာသီတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ စက်တင်ဘာလ ၉ ရက်က မြန်မာ့အလင်းသတင်းစာမှာ သစ္စာပြုတောင်နှင့် တုတ်တိုင်းဘုရားဆိုတဲ့ သတင်းစာမူ ပါလာတဲ့နောက်ပိုင်း ရန်ကုန်နဲ့ အခြားစေတနာရှင်တွေက သတင်းမှာပါတဲ့ သစ္စာပြုတောင်က သောက်သုံးရေအခက်အခဲကို ဘယ်လို လှူဒါန်းဆောင်ရွက်ပေးရမလဲဆိုပြီး ဖုန်းဆက်ကြတယ်။ လက်တွေ့လည်း လာရောက်လှူဒါန်းကြတယ်။ အချို့ဆို လူကိုယ်တိုင်မမြင်ဖူးပေမယ့် ဖုန်းနဲ့ဆက်သွယ်ပြီးတော့ သောက်သုံးရေကိစ္စမှာ အသုံးပြုမယ့်ပစ္စည်းတွေ ဝယ်ယူ ပေးပို့လှူဒါန်းကြတယ်။ အခုတော့ သောက်သုံးရေအခက်အခဲ ပြေလည်သွားပြီ။ အဲဒီအတွက် သတင်းရေးသားပေးပို့သူနဲ့ သတင်းဖော်ပြပေးတဲ့ မြန်မာ့အလင်းသတင်းစာကို ဘုန်းကြီးက ကျေးဇူးတင်ပါတယ်”ဟု သစ္စာပြုတောင်ဆရာတော် ဘဒ္ဒန္တအာသဖ (မေ္ဘာစရိယဝိနယဝိဒူ)က မိန့်ကြားသည်။

သစ္စာပြုတောင်နှင့် မလှမ်းမကမ်း ဥယျာဉ်မြေအတွင်း အနက်ပေ ၁၈၀ နှစ်လက်မရေတွင်းတူးပြီး ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ကာ ရေလှောင်ကန်မှတစ်ဆင့် ပေ ၂၈၃၀ အကွာအဝေးတွင် တည်ရှိသည့် တောင်ပေါ် ဘုန်းတော်ကြီးကျောင်းသို့ ရေပိုက်ဖြင့် သွယ်တန်းကာသောက်သုံးရေတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး ရေတွင်းနှင့် ရေလှောင်ကန်ကို တူးဖော်တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည်။

ရေပိုက်လိုင်း သွယ်တန်းရန်အတွက် သီးနှံယာခင်းများကို ဖြတ်သန်းတူးဖော်ကာ ပြုလုပ်ရမည်ဖြစ်ရာ သီးနှံများ ရိတ်သိမ်းပြီးစီးသည့် လာမည့်နွေရာသီကာလတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။

လှူဒါန်း

သစ္စာပြုတောင် သောက်သုံးရေအခက်အခဲအတွက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း မိသားစုက ကျပ် ၃၁၇၀၀၀၀၊ ဗိုလ်မှူးကြီးဇော်မိုး(ရန်ကုန်)က ကျပ် ၁၂ သိန်း၊ ဒုတိယဗိုလ်မှူးကြီး တင်စိုး(နေပြည်တော်)က ကျပ် ရှစ်သိန်း၊ ဦးစောလှဖြူ ဒေါ်စန်းစန်းဝါ မိသားစု(မိတ္ထီလာ)က ကျပ် ၁၂ သိန်းနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက လှူဒါန်းငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းကြခြင်းဖြစ်သည်။

ပုဂံခေတ် ကျစွာမင်းကြီး၏သားတော် သစ္စာပြုရာတောင်တော်တွင် သစ္စာပြုတောင် စေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့ပြီး အဆိုပါတောင်တော် **(ဝဲပုံ)** တွင်ယခုအခါ သံဃာတော်များ သီတင်းသုံးနေထိုင်လျက်ရှိသည်။ သောက်သုံးရေအခက်အခဲ အကောင်အထည်ဖော်ပြီးနောက် လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် ကျောင်းအကျိုးတော်ဆောင် ဦးညွန့်နှင့် ဦးဝင်းမောင်တို့က စီစဉ်လျက်ရှိသည်။ သောက်သုံးရေနှင့် လျှပ်စစ်မီး သွယ်တန်းရရှိရေး ပြီးစီးအောင်မြင်ပြီးနောက် မိုးကုတ်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း ဝိပဿနာတရားခန်းများ ဖွင့်ကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

အထက်မြန်မာပြည် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

မန္တလေး နိုဝင်ဘာ ၂၅

အထက်မြန်မာပြည် မြို့နယ်များအတွင်း သတင်းစာဆရာကြီးများ တက်ရောက်ပါဝင်သည့် အထက်မြန်မာပြည်သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ရတနာပုံသတင်းမီဒီယာဆက်ဆံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သတင်းစာဆရာ ၃၅ ဦးခန့် တက်ရောက်ပြီး ပြည်သူကို ဗဟိုပြုသော သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဆွေးနွေးခဲ့ကြသည်။

ရတနာပုံနေ့စဉ်သတင်းစာတိုက်၏ စာတည်းမှူးချုပ် ဦးဆန်းဝင်းက “ယနေ့ခေတ်၏ အခြေအနေများကို လေ့လာသုံးသပ်ကြည့်မယ်ဆိုလျှင် အနားသုံးနားရှိပြီး အစိုးရ၊ ပြည်သူနှင့် သတင်းမီဒီယာတည်းဟူသော အနားတို့ဖြစ်ကြပြီး အနားသုံးနား ညီညွတ်မျှတနေပါမှ အရာအားလုံး ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်” ဟု အဆိုပါဆွေးနွေးပွဲအတွင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အထက်မြန်မာပြည်ရှိ သတင်းစာဆရာများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်သွယ်စောင့်ရှောက်နိုင်ရန်နှင့် ကူညီမှုများပေးနိုင်ရန် သတင်းစာဆရာများကွန်ရက် ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

ဇေယျာ

မြင်းခြံ-ရန်ကုန် တိုက်ရိုက်လူစီးရထားပြေးဆွဲရန် မိတ္ထီလာဘူတာတွင် အမှတ် (၃)လမ်း ဖောက်လုပ်မည်

မိတ္ထီလာ နိုဝင်ဘာ ၂၅

မြင်းခြံ-ရန်ကုန် တိုက်ရိုက်လူစီးရထားပြေးဆွဲသွားနိုင်ရန် မိတ္ထီလာဘူတာတွင် အမှတ်(၃) လမ်းဖောက်လုပ်သွားမည်ဖြစ်ကြောင်း ဦးမြင့်ဝေ(အထွေထွေမန်နေဂျာ မြန်မာ့မီးရထားလုပ်ငန်း)၏ ပြောကြားချက်အရ သိရသည်။

နိုဝင်ဘာ ဒုတိယအပတ်အတွင်းက Delivery Unit အဖွဲ့နှင့် တွေ့ဆုံရာ၌ မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင် ဦးကျော်အေးက မိတ္ထီလာဘူတာရှိ အသုံးမပြုဘဲထားရှိသည့် တွဲစစ်ကျင်းကို အသုံးပြုရန် အစီအစဉ်ရှိ မရှိ မေးမြန်းမှုကို တွဲစစ်ကျင်းကို အမှတ်(၃) လမ်းအဖြစ် လာမည့်နှစ်တွင် ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ မြင်းခြံ-ရန်ကုန် တိုက်ရိုက်လူစီးရထား ပြေးဆွဲသွားမည်ဖြစ်သည့်အတွက် လိုအပ်ချက်အရ အမှတ်(၃) လမ်း ဆက်လက်ဖောက်လုပ်ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရွှေညောင်-သာစည်-ရန်ကုန် ရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲနေပြီဖြစ်သကဲ့သို့ မြင်းခြံ-ရန်ကုန်ခရီးစဉ်ကိုလည်း ရထားပြောင်းစရာမလိုဘဲ တိုက်ရိုက်စီးနင်းနိုင်အောင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း အထွေထွေမန်နေဂျာ ဦးမြင့်ဝေက ဖြေကြားသည်။

မိတ္ထီလာဘူတာရှိ တွဲစစ်ကျင်းကို မိတ္ထီလာ-ရန်ကုန် ရထားပြေးဆွဲရန် စီစဉ်ခဲ့စဉ်က ရထားတွဲများစစ်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး ရထားပြေးဆွဲမည့်အစီအစဉ် အကြောင်းကြောင်းကြောင့် အကောင်အထည်မပေါ်လာသဖြင့် အဆိုပါ တွဲစစ်ကျင်း **(အောက်ပုံ)** ကို အသုံးမပြုဘဲ ဆက်လက်ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဆီးချိုရောဂါအကြောင်း အသိပညာပေး

မန္တလေး နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပညာရေးကော်မတီကကြီးမှူး၍ ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချို ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆီးချိုရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၇၃ လမ်းထောင့်ရှိ ဆေးတက္ကသိုလ်(မန္တလေး) အောင်ပင်လယ်ခန်းမ၌ ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ကြီးက ဆီးချို၊ သွေးချိုရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသော ဆီးချို၊ သွေးချိုရောဂါနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ပါမောက္ခ ဒေါက်တာအောင်ကြီး၊ ပါမောက္ခ ဒေါက်တာရန်လင်းမြင့်နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာခင်သန်းအေးတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်းနှင့် တက်ရောက်လာကြသူများအား ဆီးချို၊ သွေးချိုရောဂါရှိ မရှိ သွေးဖောက်ခြင်း၊ ဆီးချို၊ သွေးချိုထိန်းသိမ်းမှုကောင်း မကောင်း (HbALc) စစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးချိုရောဂါဖြစ်နိုင်ခြေရှိ မရှိ ဆန်းစစ်တွက်ချက်ပေးခြင်း၊ အဆိုပါရောဂါနှင့်ပတ်သက်၍ သိလိုသည်များကိုလည်း ဆရာဝန်ကြီးများက ပြန်လည်ဖြေကြားပေးခြင်းများကို အခမဲ့ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ပိုက်ဆံအိတ်လုယူထွက်ပြေးသူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

အမှတ်(၃၈)အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားသည် ရွှေဘိုဘူတာအထွက်သို့အရောက် နိုဝင်ဘာ ၂၁ ရက် ည ၇ နာရီခန့်က အထက်တန်းအိပ်စင်တွဲ(၁) (D-3) တွင် စီးနင်းလိုက်ပါလာသော ကချင်ပြည်နယ် ဟိုပင်မြို့နယ်နေ မခင်ချိုအေး (၃၆ နှစ်) ကိုင်ဆောင်လာသည့် အနက်ရောင် အမျိုးသမီးလက်ကိုင်အိတ်ကို အမျိုးသားတစ်ဦးက ဆွဲယူထွက်ပြေးသွားသဖြင့် ရထားလုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းရှာဖွေခဲ့သည်။

အရေးယူ

ထိုသို့ရှာဖွေခဲ့ရာ ရွှေဘိုဘူတာတောင်ဘက် မြန်မာ့မီးရထား ဝန်ကြီးနားနေရိပ်သာအနီးတွင် ရွှေဘိုမြို့ (က)ရပ်ကွက်နေ အောင်ဆန်းဝင်း (၂၆နှစ်)ကို အနက်ရောင်အမျိုးသမီးလက်ကိုင်အိတ်နှင့်အတူ တွေ့ရှိရသဖြင့် သက်သေများရှေ့ ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းအိတ်အတွင်းမှ ငွေကျပ် ၇၂၀၅၀၊ မခင်ချိုအေးအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုနှင့် ဖုန်းအားသွင်းကြိုးတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် အောင်ဆန်းဝင်းကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မြန်မာဖူဆယ် အမျိုးသားအသင်း အုပ်စုမှကျော်နိုင်ရန် ကြိုးစားလေ့ကျင့်နေ

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာဖူဆယ် ဘောလုံးအသင်း အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ အတွင်းရေးမှူး ဦးအောင်မော်သိန်းတို့နှင့်အတူ အီရန်နိုင်ငံသားဖြစ်သူ နည်းပြချုပ် Mr.SAEID၊ ဂိုးနည်းပြ ထိုင်းနိုင်ငံသား Mr.SETT၊ လက်ထောက်နည်းပြ ဦးကျော်ဇင်ညွန့်တို့က နိုဝင်ဘာ ၅ ရက်မှ စတင်၍ နေပြည်တော် (Gold Camp) လေ့ကျင့်ရေးကွင်း(၂)၌ စခန်းသွင်း လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိပြီး **(အပေါ်ပုံ)** ပဏာမရွေးချယ်ထားသည့် လူ ၂၀ ထဲမှ ၁၄ ဦးကို စိစစ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာဖူဆယ်ဘောလုံး အမျိုးသားအသင်းသည် မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားတို့ပါဝင်သော ခြောက်နိုင်ငံ ယှဉ်ပြိုင် ကစားရမည်ဖြစ်၍ နိုင်ငံတကာ ဖူဆယ်ဘောလုံးကစားနည်း အတွေ့အကြုံရှိသော မလေးရှား၊ အင်ဒိုနီးရှားအသင်းများနှင့် တစ်အုပ်စုတည်း ဖြစ်နေသဖြင့် အုပ်စုတက်ရန် ဂရုတစိုက် ကစားရမည်ဖြစ်ပြီး အမျိုးသားအသင်း အောင်မြင်မှုရရှိရေးအတွက် ပြင်းထန်စွာ လေ့ကျင့်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း၊ မြန်မာဖူဆယ်ဘောလုံး အမျိုးသမီးအသင်းမှာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားတို့ပါဝင်သော ငါးနိုင်ငံ ယှဉ်ပြိုင်ကစားရမည်ဖြစ်၍ ရွှေတံဆိပ် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ်ဘောလုံးပြိုင်ကွင်း၌ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူရ(နေပြည်တော်)**

ဆူးလေဘုရားအနီး စီးပွားရှာသူများကြောင့် ဘုရားဖူးများ အခက်တွေ့

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်မြို့၏ အချက်အချာ မြို့လယ်စေတီဖြစ်သည့် ဆူးလေစေတီသည် မြို့၏ ကျက်သရေဆောင်ဖြစ်ပြီး နိုင်ငံခြားခရီးသွားများ လေ့လာရာ၊ ခရီးသွားပြည်သူများ ကုသိုလ်ယူရာ စေတီတော်ဖြစ်သည်။

နေ့စဉ်ဘုရားဖူးတို့ဖြင့် စည်ကားလျက်ရှိပြီး မုခ်ဦးလေးခုတွင် မြောက်ဘက်မုခ်အဝင်ပေါက်၌ ဘုရားပန်းရောင်းသည့်ဈေးသည်များမှာ စေတီတော်သို့ လာရောက်သည့် ဧည့်သည်များ စိတ်အနှောင့်အယှက်ဖြစ်စေသော ဘုရားပန်း အပြိုင်အဆိုင်လု၍ ရောင်းချခြင်း၊ စေတီတော်ပေါ်သို့တက်သော လမ်းကိုပိတ်၍ ဈေးရောင်းချလျက်ရှိခြင်း၊ စေတီရင်ပြင်သို့ ဖိနပ်ယူဆောင်လျှင် ပလတ်စတစ်အိတ်ပေး၍ ပိုက်ဆံထည့်ခိုင်းခြင်း၊ ဘုရားဖူးဧည့်သည်များ ဖိနပ်ထားခဲ့ရန် နေရာမရှိခြင်းတို့ကြောင့် ဧည့်သည်များ အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

ပြောကြား

ကုသိုလ်လိုချင်၍ လာရောက်ဘုရားဖူးသူ၊ တရားထိုင်သူ၊ လေ့လာသူများ စိတ်အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူများ ရှောင်ရှား၍ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဟူသော မြတ်စေတနာဖြင့် နှလုံးသွင်း ရည်မှန်းကာ စီးပွားရှာသင့်ကြောင်း မြောက်ဘက်မုခ်၌ ဘုရားပန်းရောင်းသော ဈေးသည်များနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော မြို့ခံတစ်ဦးက ရင်ဖွင့်ပြောကြားခဲ့သည်။

(၁၆၄)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ ၅၈လမ်း၊ ၂၂ လမ်းထောင့်ရှိ မန္တလေးဂုဏ်ကုမ္ပဏီလီမိတက် (Mandalay Glory Co.,Ltd.)မှ မန်နေးဂျင်းဒါရိုက်တာ ဦးဇာနည်ရန် ၇/ပခန(နိုင်) ၀၀၂၃၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။

မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/၂၀၁၃

ကျွန်ုပ်မိတ်ဆွေ ဦးဇာနည်ရန်သည် အထက်ဖော်ပြပါ **MG မန္တလေးဂုဏ်** ခရီးသွားဝန်ဆောင်မှု အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၂၆၂၂/၂၀၁၃ အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့်ပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ မြို့တော်တက္ကစီပြေးဆွဲခြင်း လုပ်ငန်းများ အသုံးပြုပြေးဆွဲလျက်ရှိပြီး အများပြည်သူများလက်ခံသိရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါကျွန်ုပ်မိတ်ဆွေ ဦးဇာနည်ရန်၏ မူပိုင်အမှတ်တံဆိပ်ကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ မြို့တော်တက္ကစီပြေးဆွဲခြင်း လုပ်ငန်းများတွင် အသုံးပြုပြေးဆွဲခြင်း မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေဦးဇာနည်ရန်၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

ဦးဇာနည်ရန် မန်နေးဂျင်းဒါရိုက်တာ မန္တလေးဂုဏ်ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်စိုးဝင်း LL.B, LL.M, D.B.L	**ဦးအောင်ကိုမင်း LL.B, D.B.L, D.I.L, DCP.MUFL**
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၂၀)	**အထက်တန်းရှေ့နေ(စဉ်-၃၃၅၀၃)**
လမ်း ၃၀၊ ၇၂-၇၃ ကြား၊ မင်္ဂလာဈေး၊	**အကွက် ၃၉၂၊ အရာတော်ရပ်၊**
မန္တလေးမြို့၊ ဖုန်း-၀၉-၃၃၀၃၈၁၀၇	**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၆၃၄၀၄**

ပြည်တွင်းသတင်း

သဘာဝအရင်းအမြစ်များနှင့် စွမ်းအင်အရင်းအမြစ်များကို အသုံးပြုနည်းပညာသစ်နှင့် ဝန်ဆောင်မှုနည်းသစ်များကို ပြန့်ပွားရန်ရည်ရွယ်

နေပြည်တော် နိုဝင်ဘာ ၂၅

စက်မှုဝန်ကြီးဌာနနှင့် United Nations Industrial Development Organization (UNIDO) တို့ ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြမည့် Pilot Resource Efficient and Cleaner Production (RECP) Project လက်မှတ်ရေးထိုးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသိန်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် သဘာဝအရင်းအမြစ်များ၊ စွမ်းအင်အရင်းအမြစ်များ အသုံးပြုမှုလျော့ကျစေနိုင်သော နည်းပညာသစ်များ၊ စီးပွားရေးပုံစံသစ်များ ပိုမိုဖြစ်ပေါ်လာစေရန်၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျော့နည်းစေရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် တာဝန်ရှိသူများက (RECP) Project ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ (RECP) Project ကို RECP Program များ အဓိက အထောက်အပံ့ပေးနေသော ဆွစ်ဇာလန်နိုင်ငံ State Secretariat for Economic Affairs of Switzerland (SECO) အဖွဲ့အစည်းမှ ထောက်ပံ့ပြီး ရန်ကုန်နှင့် မန္တလေးဒေသများရှိ စားသောက်ကုန်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ လုပ်ကိုင်နေသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုရန်၊ ပိုမိုသန့်ရှင်းသည့် ထုတ်လုပ်မှုနည်းစဉ်များ အသုံးပြုရန်နှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ရန်ဖြစ်သည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ သဘာဝအရင်းအမြစ်များနှင့် စွမ်းအင်အရင်းအမြစ်များကို အကျိုးရှိ ထိရောက်စွာ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်မထိခိုက်မှုကို အလေးထားသည့် နည်းပညာသစ်များ၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုနည်းသစ်များကို မြန်မာနိုင်ငံအတွင်း ပြန့်ပွားစေရန်ရည်ရွယ်၍ ယခု Project ကို United Nations Industrial Development Organization (UNIDO)၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ အခမဲ့ကုသ မြန်မာ့ဆေးပညာဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ကောင်းဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာခွဲစိတ်အထူးကု ဆရာဝန်များနှင့် ကိုရီးယားနိုင်ငံ Keimyung တက္ကသိုလ်မှ ခွဲစိတ်အထူးကုဆရာဝန်များ ပူးပေါင်း၍ မြန်မာနိုင်ငံမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ၂၀ ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ တစ်ရက်လျှင် ငါးဦးနှုန်းဖြင့် ဆာကူရာဆေးရုံ၌ အခမဲ့ ကုသပေးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက်က ဆာကူရာဆေးရုံ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် **(ယာပုံ)** ဆာကူရာဆေးရုံ၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာထင်ပေါ်က ပြောကြားသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲအခမဲ့ခွဲစိတ်ကုသရန်အတွက် ဝေဒနာရှင် ၂၀ ကို အထူးကုဆရာဝန်ကြီးများက စစ်ဆေးရွေးချယ်ခဲ့ပြီး ဆေးဝါးကုသစရိတ်နှင့် ဆေးရုံအသုံးပြုခွင့်ကို ဆာကူရာဆေးရုံက တာဝန်ယူ လှူဒါန်းထားကြောင်း ဒေါက်တာထင်ပေါ်က ပြောကြားသည်။

“ဆေးကုသဖို့အတွက် ဆေးရုံကို အားလုံးဖွင့်ပေးထားပါတယ်။ ဆေးဝါးပဲဖြစ်ဖြစ်၊ ဆေးရုံသုံးကိရိယာပဲဖြစ်ဖြစ် ဆရာဝန်ကြီးတွေလိုအပ်တာအားလုံးကို အသုံးပြုဖို့ဆောင်ရွက်ပေးထားပါတယ်” ဟု ၎င်းကဆိုသည်။

ယင်းကဲ့သို့ ပြည်ပနိုင်ငံမှ အထူးကုဆရာဝန်များနှင့် ပြည်တွင်းမှ အထူးကုဆရာဝန် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဝေဒနာရှင်များအတွက်လည်း ကောင်းမွန်သွားမည်ဖြစ်ပြီး မြန်မာ့ဆေးပညာဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူကောင်းများရနိုင်ကြောင်း ဒေါက်တာထင်ပေါ်က ဆိုသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို အခမဲ့ ကုသပေးခြင်းမှာ ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင်လည်း ထပ်မံဆောင်ရွက်ရန်ရှိကြောင်း သိရသည်။ **သိန်းဝင်းစိုး**

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

လားရှိုး နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက မိမိတို့ ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ လေးပုံတစ်ပုံသာ ဧရိယာ ကျယ်ဝန်းပါကြောင်း၊ လူဦးရေ ခြောက်သန်းခန့် နေထိုင်ကြပြီး တိုင်းရင်းသား လူမျိုးစုပေါင်း ၃၅ မျိုးကျော် နေထိုင်ကြကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် စီးပွားရေးအောင်မြင်မှု အဆင့်ခြောက်တွင် ရှိနေပါကြောင်း၊ လူဦးရေ တစ်သိန်းကျော်နေထိုင်သော မြို့ကြီး ခုနစ်မြို့ရှိကြောင်း၊ မြို့နယ် ၅၅ ခုနှင့် မြို့နယ်ခွဲ ၂၇ ခုရှိကြောင်း၊ ဖွံ့ဖြိုးနေသော မြို့ရွာဒေသများရှိသလို ဖွံ့ဖြိုးမှု အားနည်းနေသော မြို့များလည်း ရှိနေကြောင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို အတည်ပြုပြီးဖြစ်သဖြင့် မြို့ရွာဒေသများတွင် စည်ပင်သာယာရေးအဖွဲ့များကို ပြည်သူများအတွင်းမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မြို့မိမြို့ဖများ ပါဝင်သော အဖွဲ့များဖြင့် ရွေးချယ်ဖွဲ့စည်းထားပြီဖြစ်ကြောင်း၊ မိမိတို့ဒေသ၏ လိုအပ်ချက်များဆောင်ရွက်ရန် ဝိုင်းဝန်းတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့သက်ဆိုင်ရာမြို့နယ်များမှာ လူမှုရေး၊ စီးပွားရေးများ အောင်မြင်လာမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်သူနှင့် ပေါင်းစပ်၍ ပြည်သူတို့ လိုလားချက်များကို အကောင်အထည်ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ဖြင့်ပြောကြားခဲ့သည်။

မမ(လားရှိုး)

အသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အန္တရာယ် ပညာပေးဟောပြောပွဲ ကျင်းပရာ အမှတ်(၄၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်အရှေ့)မှ ရဲအုပ်နေလင်းထွန်းက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများနှင့် ကော်ရှူသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းရှိန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်ကျန်းမာရေးမှူးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ပြည်တွင်းသတင်း

ယာဉ်သစ်နံပါတ်ပေးခြင်း၊ 2G/ --- နှင့် အငှားယာဉ်နံပါတ်ပေးခြင်း ရောက်ရှိတော့မည်

ရန်ကုန် နိုဝင်ဘာ ၂၅

အင်္ဂလိပ်နံပါတ်ပြား အသစ်ရောက်ရှိနံပါတ်မှာ 2G/--- တစ်ထောင်နီးပါးနှင့် အနီအက္ခရာနံပါတ်CC/--- ကိုးထောင့်လေးရာကျော် ရှိပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"နိုဝင်ဘာ ၁၂ ရက်မှာ 1G/ ၉၉၉၉ ကုန်သွားပါတယ်။ ဒီကနေ့ 2G/--- စပေးနေပါတယ်" ဟု မြင်သာကညနရုံးရှိ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်္ဂလိပ်အက္ခရာ တက္ကစီများမှာ နိုဝင်ဘာ ၁၃ ရက်တွင် CC/--- နံပါတ်ကိုးထောင့်လေးရာကျော် နံပါတ်ထုတ်ပေးပြီးဖြစ်သဖြင့် လာမည့်ရက်အနည်းငယ်အတွင်း၌ DD/--- နံပါတ်အသစ်ချထားပေးမည်ဟု ရွာသာကြီးကနဦးယာဉ်မှတ်ပုံတင်ဌာနမှ သိရသည်။

"ကားသစ်တွေကတော့ ကနဦးမှတ်ပုံတင်မှုမှာ လွန်ခဲ့တဲ့သုံးလလောက်နဲ့စာရင် နည်းနည်းအစီးရေနည်းသွားပါတယ်။ ဒီရက်ပိုင်းအတွင်းမှာ ကားကြီး Truck၊ မီနီဘတ်စ်၊ City ဘတ်စ်စတဲ့ကားတွေက တစ်ရက်ကို အစီး ၇၀ ကနေ ၁၀၀ အတွင်း မှတ်ပုံတင်ကြပါတယ်။ အငှားယာဉ် အင်္ဂလိပ်အက္ခရာတွေကတော့ အစီး ၅၀ ကြားကနေ ၁၅၀ အထိ မှတ်ပုံတင်ပါတယ်" ဟု ကနဦး မှတ်ပုံတင်ဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် နံပါတ်ပြားများမဟုတ်ပါက စစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းစစ်ဆေးအရေးယူမှုတွင် ယာဉ်ထိန်းရဲ၊ အုပ်ချုပ်ရေး၊ ကညန စသည့်ဌာနများ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒဏ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်း စသည့်အရေးယူမှုများကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကညနမှ တရားဝင်ထုတ်ပြန်ထားသည်။

ကြည်မင်းညို

မျိုးစပ်ငါးခူမွေးမြူခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

ကျေးလက်ဒေသများတွင် မျိုးစပ်ငါးခူမွေးခြင်းဖြင့် ကျေးလက်ဒေသနေပြည်သူများ အာဟာရပြည့်ဝသော ငါးကို စားသုံးရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများတွင်လည်း အထောက်အကူပြုနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မြန်မာလူမျိုးများ နှစ်ခြိုက်စွာစားသုံးသော ငါးခူသည် တစ်ပိဿာ ငွေကျပ် ၈၀၀၀ ခန့်အထိရှိပြီး ရှားပါးကြောင်း၊ ငါးခူမျိုးစပ်ရာတွင် ထိုင်းငါးခူအမများနှင့် အာဖရိကငါးခူအထီးကို မျိုးစပ်ခြင်းကြောင့် အရသာကောင်းမွန်ပြီး မွေးမြူကာလ လေးလခန့်အတွင်း ဈေးကွက်ဝင်နိုင်ခြင်းကြောင့် အချိန်တိုအတွင်း ဝင်ငွေရရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အာဖရိကငါးခူသည် အသားစားငါးမျိုးဖြစ်ခြင်းကြောင့် ယခင်က မွေးမြူခွင့်ပိတ်ပင်ထားသော်လည်း ထိုင်းငါးခူအမများနှင့် မျိုးစပ်ထားပါက အသားစားသုံးမှု မရှိခြင်းကြောင့် မျိုးစပ်သားဖောက်ရန် ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုပေးထားကြောင်း သိရသည်။ အာဖရိကငါးခူနှင့် ထိုင်းငါးခူကို ယခုနှစ်အတွင်း မျိုးစပ်ရန်အချိန်ကာလ ကျော်လွန်လာခြင်းကြောင့် သုတေသနလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းသုတေသနလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် ဒေါက်တာ တိုးနန္ဒာတင်ကပြောသည်။ မျိုးစပ်ငါးခူများကို အများအပြားမွေးမြူနိုင်ပါက ဈေးနှုန်းချိုသာစွာဖြင့် ပေါများစွာစားသုံးရမည်ဖြစ်ပြီး မွေးမြူရာတွင်လည်း စနစ်တကျမွေးမြူရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးဟန်ထွန်းက အကြံပြုပြောကြားသည်။

သိန်းဝင်းစိုး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၆၅၀၀-၆၂၇၃၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၆၂၀၀-၆၂၇၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၆-၉၈၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၁၇-၁၃၃၄	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၈-၇၈၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၇-၃၀. ၉၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၈-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၃၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၈၀၀-၂၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၁၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွမ်းဆန်	တစ်အိတ်	၁၈၈၀၀
၂။ ပေါ်ကြွ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်းယဉ်(အသစ်)	တစ်အိတ်	၂၁၅၀၀-၂၄၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၂၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၇၅-၉၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၀၀-၆၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၀၀-၂၅၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၅၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၂၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ထိုင်းအထူးကုအဖွဲ့ အခမဲ့ဆေးကုသ

ကျိုင်းတုံ နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အမှတ်(၁)ရပ်ကွက်ရှိ သာသနပါလ ပရိယတ္တိစာသင်တိုက် (ဝါးကျောင်း)တွင် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေပိုင်းအထိ ကျိုင်းတုံမြို့ နာရေးကူညီမှုအသင်းအစီအစဉ်ဖြင့် ထိုင်းနိုင်ငံမှ အထူးကုဆရာဝန် Mr.Nattawut Wanumkarong ဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦးသည် မျက်စိဝေဒနာရှင်လူနာများနှင့် အထွေထွေရောဂါလူနာများ စုစုပေါင်း ၂၀၀ ကျော်ကို အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **မောင်မောင်နိုင်(iprd)**

ပခုက္ကူ၌ စာဆိုတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ မြို့မလမ်းရှိ အမက(၉)ကျောင်းခန်းမ၌ ကျင်းပရာ အထက်တန်းအဆင့်တွင် ချစ်သောဇရာဝတီ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် စိတ်လှုပ်ရှားဖွယ်မြင်ကွင်းတစ်ခု (သို့မဟုတ်) ဇာတိချက်ကြွေ မွေးရပ်မြေခေါင်းစဉ်ဖြင့်လည်းကောင်း စာစီစာကုံးယှဉ်ပြိုင်ကြပြီး ဆုများကို စာဆိုတော်နေ့အခမ်းအနား၌ ဆုချီးမြှင့်သွားမည်ဖြစ်သည်။

အောင်(မန်းတက္ကသိုလ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဗိုလ်ကြီးကျော်ထက်လင်းနှင့် မချောဆုသူဇာတို့၏ ၂၀-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) အောင်ပန်းကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲ၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးခဲ့သော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးသန်းဝင်းနှင့် ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးများအား လည်းကောင်း၊ ၂၃-၁၁-၂၀၁၃ရက် (စနေနေ့) International Business Center (IBC) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ (ငြိမ်း) (ကာကွယ်ရေးဦးစီးချုပ်-လေ) (ငြိမ်း) Patron,Asia wings Airways,Co.,Ltd. နှင့် ဇနီး ဒေါ်မေရီတင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏မိသားစု၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး၏ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ယဉ်ယဉ်နု၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး သီဟသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ လူမှုထူးချွန်ပထမဆင့် ဒေါ်နန်းသန်းထွေး၊ ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း၊ စစ်ဘက်နယ်ဘက်မှ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၉) ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်းများနှင့်ဇနီးများ၊ ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လ/ထကထိကများ၊ နည်းပြများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်အပ်ပါသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်နှင့်ဇနီး ဒေါက်တာဝင်းဝင်းမြတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တေးသံရှင်ဦးရန်ပိုင်စိုး၊ မင်္ဂလာပန်းကြဲပေးပါသော မပြည့်ပြည့်ဖြိုးနှင့် မငွေနှင်းအိဖြူ၊ မင်္ဂလာအောင်စပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မဆုမြတ်တင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအေးအိအိသင်း၊ သတို့သားအရံ ဗိုလ်ကြီးမျိုးမြင့်အောင်နှင့် ဗိုလ်ကြီးဘုန်းမြင့်နိုင်၊ သတို့သမီးအရံ မအေးအိအိအောင်နှင့် မမေသန်းစိုးတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော စတီရီယိုတေးသံရှင် မဟေမာနေဝင်း၊ နိုင်ငံကျော်တေးသံရှင်များ၊ စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့သားများအားလည်းကောင်း၊ Video Photos ရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့သားများ၊ Pre-wedding Photos ရိုက်ကူးပေးပါသော 7 Picture wedding studio၊ မိတ်ကပ်-ဆံပင်ပြင်ဆင်ပေးပါသော မိတ်ကပ်ခင်စန်းဝင်း (ဇေဇေ)၊ မင်္ဂလာဝတ်စုံနှင့် မင်္ဂလာရတနာများ ဆင်မြန်းပေးပါသော သီတဂူ၊ ပန်းအလှဆင်နှင့် မင်္ဂလာစားသောက်ဖွယ်ရာဖြင့်တည်ခင်းပေးသော မမြင့် (IBC) ၊ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာနှင့် လှပသော Wedding Gifts များပြုလုပ်ပေးပါသော အောင်ကျော်သိန်းပုံနှိပ်တိုက်၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့သော အဝေးရောက်ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ အစစအရာရာ ဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်ထက်လင်း-မချောသုဇာ

ငှားရန်ရှိ
ကျိုက်ထီးရိုး (နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-50000
ဖုန်း 209077, 09-731 57004
208398, 09-731 68000

"နှစ်(၃၀)မြောက်ပုလဲရတုဆုတောင်း"
Certified Public Accountant & Financial Consultant
Maung Maung Hteik & Associates

တိုက်ခန်းရောင်းမည်

တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အကျယ် ပေ(၁၈×၇၀)၊ ငါးလွှာ၊ အဆင့်မြင့်ပြင်ဆင်ပြီး 2BR Lခန်း၊ 2AC 2 စလောင်း၊ လိုင်းဖုန်းတစ်လုံးပါ။

ဖုန်း-၀၉-၅၁၀၂၂၇၇၊ ၀၉-၇၃၁၆၂၂၇၇

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်မြင့် ၇/ပမန(ပြု) ၀၀၀၀၁၀၏ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၅၅၇၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ မြေကွက်အမှတ်(ဗ/၂)၊ ပဒေသာမြို့သစ်၊ ဦးပိုင်အမှတ် ၄၊ မြေယာအမှတ် ၄၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်သည် ဦးသောင်းဝင်း ၉/မမန(နိုင်)၀၀၇၀၂၁အမည်ဖြင့် မြေပေးမိန့်အမှတ်စဉ် ၁၀၇၄ ဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မြို့မြေယာချထားရေးကော်မတီမှ မြေနေရာချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသောင်းဝင်း ၉/မမန(နိုင်)၀၀၇၀၂၁က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ကတိပြုသည့်အတွက် ကျွန်ုပ် ဦးခင်မောင်လွင် ၈/မကန(နိုင်)၀၁၀၄၀၀က ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၃/၂၀၁၁)ဖြင့် စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေဂရန်လျှောက်ထားခြင်းနှင့် မြေစီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်လွင် ၈/မကန(နိုင်)၀၁၀၄၀၀
ဖုန်း-၀၉-၅၃၄၂၀၈၇၊ ၀၆၃-၂၅၃၈၈၊ ၀၆၃-၂၇၆၀၄

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၁၄ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာရေကူးအဖွဲ့ Spring Board လေ့ကျင့်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံတွင် မကြာမီကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် Spring Board ပြိုင်ပွဲအတွက် မြန်မာရေကူးအဖွဲ့မှ မသက်မှူးရွှေစင်အပါအဝင် ရှစ်ဦးကို ရွေးချယ်ထားပြီး မြန်မာနည်းပြ ဒေါ်အေးအေးစိုးနှင့် ထိုင်းနည်းပြ နှစ်ဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။

မသက်မှူးရွှေစင်သည် အသက် (၁၁ နှစ်)သာရှိပြီး Spring Board ပြိုင်ပွဲအတွက် တရုတ်နိုင်ငံ၌ သုံးလကြာလေ့ကျင့်သင်ကြားပြီးနောက် နေပြည်တော်ဝဏ္ဏသိဒ္ဓိရေကူးအားကစားပြိုင်ကွင်း၌ (3 Meter Spring Board) လေ့ကျင့်မှုများကို စက်တင်ဘာ ၂၂ ရက်က စတင်၍လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲ၌ရွှေတံဆိပ်ရရှိရေးအတွက် လေ့ကျင့်နေသည်ကို နိုဝင်ဘာ ၂၃ ရက် နေ့လယ်ပိုင်းက တွေ့ရှိရသည်။ **(ယာပုံ)**

ကျော်သူရ(နေပြည်တော်)

တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို တာချီလိတ်သို့ရောက်ရှိ

တာချီလိတ် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အကြိုလှုံ့ဆော်ရေးဂုဏ်ပြုခရီးစဉ်အဖြစ် ဦးအေးကြူ (၆၄ နှစ်)သည် နိုဝင်ဘာ ၃ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့ အမှတ်(၁၀၂) Phoe Soan Bite Shop မှစတင်၍ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်မဲ၊ လားရှိုး၊ သိန်နီ၊ မူဆယ် AH-14(၂၈၆)မိုင်ခန့် ခရီးစဉ်(၁)၊ သီပေါ၊ နောင်လန်၊ ပန်ကေတု၊ မိုင်းကိုင်၊ လဲချား၊ လွိုင်လင် AH-11(၁၆၀)မိုင်ခန့် ခရီးစဉ်(၂)။ လွိုင်လင်၊ ခိုလန်၊ ကာလိ၊ ဆင်မောင်း၊ မိုင်းပျဉ်း၊ တုံတာ၊ ကျိုင်းတုံ၊ AH-2 ပြည်ထောင်စုလမ်းမကြီး (၂၂၇)မိုင် ခရီးစဉ်(၃)၊ ကျိုင်းတုံ၊ မိုင်းလား AH-3 (၅၆)မိုင်ခန့် ခရီးစဉ်(၄)သို့လည်းကောင်း ဖြတ်ကျော်ကာ ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ် AH-2(၁၀၁)မိုင်ခန့် ခရီးစဉ်(၅)သို့ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရောက်ရှိရာ တာချီလိတ်မြို့ တောင်တက်စက်ဘီးစီးအဖွဲ့က ကြိုဆိုခဲ့သည်။

တစ်ကိုယ်တော် စက်ဘီးစီးအဘိုးအိုသည် မြန်မာနိုင်ငံတွင် ဆီးဂိမ်းပွဲတော် (နေပြည်တော်)၂၀၁၃ ခုနှစ်ကို ဂုဏ်ပြုခြင်း၊ တောင်တက်စက်ဘီးစီးအားကစားလူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ခရီးရှည်စက်ဘီးစီးနင်းပြီး ဂုဏ်ပြုချင်ကြောင်း ပြောကြားသည်။

တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို ဦးအေးကြူ **(အပေါ်ပုံ)**သည် ခရီးစဉ်ငါးခုကို မိုင်ပေါင်း ၈၃၀ ခန့်ဖြတ်ကျော်ပြီး ခရီးစဉ်(၆)ဖြစ်သော တာချီလိတ်၊ မိုင်းတုံ၊ မိုင်းဆတ်ခရီးစဉ်ကို လမ်းပန်းခရီးအခြေအနေကြောင့် တာချီလိတ်တွင် ခရီးစဉ်အဆုံးသတ်ခဲ့ကြောင်းပြောကြားသည်။

မြင့်မိုရ်(တာချီလိတ်)

မြန်မာဒိုင်ဗင်အားကစားသမားများ အောင်နိုင်ဆုများဆွတ်ခူးနိုင်ရန်မျှော်မှန်း

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာ ဒိုင်ဗင်အားကစားသမားများအနေဖြင့် အလှမ်းဝေးနေသောအားကစားဖြစ်သော်လည်း အတွေ့အကြုံကောင်းများအရ တစ်ခုသောအဆင့်အထိ အောင်မြင်မှုရရှိရန် မျှော်လင့်ထားကြောင်း မြန်မာနိုင်ငံဒိုင်ဗင်အားကစားအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် ဒိုင်ဗင်အားကစားမယ်ဟောင်းလည်းဖြစ်၊ နည်းပြလည်းဖြစ်သည့် ဒေါ်အေးအေးစိုးက ပြောကြားသည်။

“ကျွန်မတို့ ဒီအားကစားနည်းဟာ အသစ်မဟုတ်ပါဘူး။ (၁၁)ကြိမ်မြောက် ဆီးဂိမ်းကတည်းက ပြည်ပနိုင်ငံမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ (၁၃)ကြိမ်မြောက်မှာ ငွေနဲ့ ကြေးတံဆိပ်ရခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ (၂၆)ကြိမ်မှာလည်း ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကျွန်မကိုယ်တိုင် ဒီအားကစားနည်းနဲ့ ရွှေမရခဲ့ဖူးပေမယ့် ငွေနဲ့ ကြေးတံဆိပ်ဆုငါးခု ဆီးဂိမ်းပြိုင်ပွဲတွေမှာ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီအားကစားနည်းဟာ မြန်မာအတွက် အသစ်မဟုတ်ပါဘူး။ လူသိနည်းနေတာပါ။ မီဒီယာတွေက ကျွန်မတို့ ဒိုင်ဗင်အားကစားနည်းအကြောင်း များများရေးပေးဖို့ လိုပါတယ်။ များများဖော်ပြပေးပါမှ လူသိများမယ်။ လူသိများမှ ဒီအားကစားနည်းကို ကစားချင်တဲ့သူတွေ ပေါ်များလာမယ်။ အားကစားသမားပေါ်များပါမှ ရွေးချယ်ရတာကောင်းပြီး အရည်အချင်းပြည့်ဝတဲ့ ဒိုင်ဗင်ကစားသမားကောင်းတွေ မွေးထုတ်နိုင်မှာ ဖြစ်ပါတယ်” ဟု ဒေါ်အေးအေးစိုးက ရှင်းပြသည်။

“ကျွန်မတို့ လာမယ့်ဆီးဂိမ်းမှာ အမျိုးသားပြိုင်ပွဲ အမျိုးအစားလေးမျိုးနဲ့ အမျိုးသမီးပြိုင်ပွဲ အမျိုးအစားသုံးမျိုး ထည့်သွင်းယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲအတွက် အမျိုးသားငါးဦးနဲ့ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦး ရွေးချယ်ထားပါတယ်။ တရုတ်နိုင်ငံကို ဧပြီ ၁၇ ရက်မှ ဇူလိုင် ၁၇ ရက်အထိ သွားရောက်လေ့ကျင့်ခဲ့ပါတယ်။ လောလောဆယ် နေပြည်တော်မှာ တရုတ်နည်းပြနဲ့ မြန်မာနည်းပြများက ဆက်လက်လေ့ကျင့်ပေးလျက် ရှိပါတယ်။ ပြိုင်ပွဲမှာ အနည်းနဲ့အများ အောင်မြင်မှုရမယ်လို့ မျှော်မှန်းထားပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အားပေးရန်လိုအပ်

အဆိုပါ ဆီးဂိမ်း ဒိုင်ဗင်အားကစားပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာပရိသတ်များအနေဖြင့် မြန်မာဒိုင်ဗင် အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် အထူးအားပေးကြဖို့ လိုအပ်ပါသည်။

မြန်မာ ဒိုင်ဗင်အားကစားသမားများတွင် အမျိုးသား နောင်ဂျာ၊ ဖွဲ့သက်ဦး၊ အောင်မျိုးထက်၊ ထွဋ်ရှုနန္ဒလင်း၊ ထက်နန္ဒလင်းတို့ကို ရွေးချယ်ထားပြီး အမျိုးသမီးပြိုင်ပွဲအတွက် နေခြည်စုစုလတ်၊ သွန်းလှနန္ဒာနှင့် သက်မှူးရွှေစင်တို့ကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

မောင်ရွှေရိုး

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဓမ္မဒူတယဉ်ကျေးလိမ္မာ ကလေးတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာ ကလေးတရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ Grade 10, (9 တန်း)များအတွက် ၂၁-၁၂-၂၀၁၃ရက်မှ ၂၃-၁၂-၂၀၁၃ ရက်အထိ၊ တက္ကသိုလ်ကျောင်းသားများအတွက် ၂၄-၁၂-၂၀၁၃ရက်မှ ၂၆-၁၂-၂၀၁၃ ရက်အထိ၊ Grade 8,9(၇/၈တန်း)များအတွက် ၂၇-၁၂-၂၀၁၃ရက်မှ ၂၉-၁၂-၂၀၁၃ ရက်အထိ၊ Grade 6,7(၅/၆တန်း)များအတွက် ၃၀-၁၂-၂၀၁၃ရက်မှ ၁-၁-၂၀၁၄ ရက်အထိ၊ Grade 4,5(၃/၄တန်း)များအတွက် ၂-၁-၂၀၁၄ရက်မှ ၄-၁-၂၀၁၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်ရန်အတွက် ဖော်ပြပါ e-mailလိပ်စာများသို့ အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ ကျောင်း၊ နေရပ်လိပ်စာတို့ကို အင်္ဂလိပ်လိုရေးသားပြီး ဒီဇင်ဘာ ၄ရက်မှ ၈ ရက်အတွင်း ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Grade 10(9တန်း)များအတွက် dmdt 092013 @ gmail.com
တက္ကသိုလ်ကျောင်းသားများအတွက် dmdtuni 2013 @ gmail.com
Grade 8,9 (၇/၈တန်း)များအတွက် dmdt 782013@ gmail.com
Grade 6,7 (၅/၆တန်း)များအတွက် dmdt 562013@ gmail.com
Grade 4,5 (၃/၄တန်း)များအတွက် dmdt 342013 @ gmail.com

စာရင်းသွင်းပြီးသူများသည် ၁လက်မဓာတ်ပုံ ၂ပုံ၊ ကျောင်းသားကတ်(သို့)မှတ်ပုံတင်မိတ္တူနှင့်တကွ replymail ကို print ထုတ်၍ သင်တန်းသို့ မိမိတက်ရောက်ရမည့်နေ့ မွန်းလွဲ ၂နာရီအရောက် လာကြရမည်ဖြစ်ပါသည်။

မိမိစာရင်းသွင်းသော e-mail လိပ်စာများသို့ ဒီဇင်ဘာ ၁၆ရက်မှ ၁၈ရက်အတွင်း အကြောင်းပြန်ပါမည်။

အချက်အလက် မပြည့်စုံ/မမှန်သူများကို စာရင်းလက်ခံမည် မဟုတ်ပါ။



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလ ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းရန်အတွက် ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းတွင် ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းလိုသူများကို ကြော်ငြာခွင့် စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားလိုသူများအနေဖြင့် နေပြည်တော်၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ(ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း D-23)၊ ဖုန်း-၀၆၇-၄၁၃၈၃၅၊ ၀၉-၄၂၀၇၀၅၄၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ထပ်မံ အသိပေးကြေညာအပ်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်လုပ်ငန်းများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ကတ္တရာ	၁/၄ မိုင်/ဖာလုံ
(ခ) မြေသားလမ်းသစ်	၃၀/၀ မိုင်/ဖာလုံ
(ဂ) ၁၈ပေအကျယ်မြေသားလမ်းတိုးချဲ့ခြင်း	၃/၀ မိုင်/ဖာလုံ
(ဃ) ရေပေးရေးလုပ်ငန်းများ	၇ လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၁၁-၂၀၁၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၃-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဟားခါးမြို့၊ ဂန့်ဂေါလမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၃၂၅၊ ၀၇၀-၂၁၃၂၂၊ ၀၉-၈၆၃၆၄၄၃၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၂၄၅၀၀၂၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရုံးကြီးအနောက်(က)ရပ်ကွက်၊ ဂေါ်သဇင်လမ်းရှိ အိမ်အမှတ် ၂၈၊ အကျယ်အဝန်းပေ(၅၀×၈၀) ခြေတံရှည်ပျဉ်ထောင်အိမ်အပါအဝင် ပိုင်ဆိုင်မှုများသည် လွန်ခဲ့သောနှစ်များစွာက ဦးအောင်ထွန်း-ဒေါ်သိန်းမြိုင်တို့ ပိုင်ဆိုင်ခဲ့ကြပြီး ၎င်းတို့လင်မယားနှစ်ဦးမှ မွေးဖွားလာသော သားသမီးခြောက်ဦးဖြစ်သည့် (၁)နော်ဒေါရစ်ထွန်း၊ (၂)ဦးဝယ်လစ်စတန်ထွန်း၊ (၃)ဦးနယ်လဆန်ထွန်း၊ (၄)ဦးဂျင်မီထွန်း၊ (၅)နော်ဂျူးထွန်း၊ (၆)ဦးမောင်မောင်(ခ)ဦးဟောဇယ်လ်ထွန်းတို့၏ သက်ဆိုင်သော အမွေပစ္စည်းဖြစ်ပါသည်။ မိဘနှစ်ပါးသေဆုံးသွားပြီးနောက်တွင်လည်း သေတမ်းစာထားရစ်ခဲ့ခြင်းမရှိပါ။ ကျန်ရစ်သူသားသမီးများ ဆက်လက်နေထိုင်ခဲ့ကြပါသည်။ ယနေ့အချိန်ထိ အမွေရှင်၏ သား၊ သမီး၊ မြေး၊ မြစ်များ ဆက်လက်နေထိုင်ဆဲဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအိမ်ခြံမြေ အဆောက်အအုံမှာ အမွေဆိုင်ခြံဖြစ်ကြောင်း၊ ယနေ့အချိန်ထိ ခွဲဝေထားခြင်း မရှိသေးကြောင်း၊ အထက်ဖော်ပြပါမြေကွက်အား ကျန်အမွေဆိုင်များ သဘောတူညီမှုမရှိဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း၊ ပြုလုပ်ခဲ့ပါကလည်း အမွေရှင်၏သမီးကြီး နော်ဒေါရစ်ထွန်း၏သမီး နော်အက်စတာ၏ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေနှင့်လည်း သက်ဆိုင်သဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နော်လားရှီးဝါးဖော၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုမိုစိန်
အထက်တန်းရှေ့နေ (စဉ်-၃၂၅၂၂)
A3. **အခန်း ၃၂၊ စည်ပင်အိမ်ရာနေပြည်တော်**
ဖုန်း-၀၉-၄၃၀၁၅၇၄၈

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ်ပွဲစဉ်နှင့် နိုင်ငံတကာဘောလုံးပွဲရလဒ်များ (သီဟ)

ချန်ပီယံလိဂ် ပွဲစဉ်-၅ နိုဝင်ဘာ ၂၆/၂၇

ဇင်းနစ်	-	အက်သလက်တီကို	ည ၁၁း၃၀	(ပကျော့ ၁-၃)
စတူအာဘူခါရက်စ်	-	ချော်လ်ကေး	နံနက် ၂း၁၅	(ပကျော့ ၀-၃)
ဘေဆယ်	-	ချယ်လ်ဆီး	နံနက် ၂း၁၅	(ပကျော့ ၂-၁)
အာဆင်နယ်	-	မာဆေး	နံနက် ၂း၁၅	(ပကျော့ ၂-၁)
ဒေါ့မွန်	-	နာပိုလီ	နံနက် ၂း၁၅	(ပကျော့ ၁-၂)
ပေါ်တို	-	ဩစတြီးယားဝီအန်	နံနက် ၂း၁၅	(ပကျော့ ၁-၀)
ဆဲလ်တစ်	-	အေစီမီလန်	နံနက် ၂း၁၅	(ပကျော့ ၀-၂)
အိုင်းယက်စ်	-	ဘာစီလိုနာ	နံနက် ၂း၁၅	(ပကျော့ ၀-၄)

နိုဝင်ဘာ ၂၄/၂၅ ဘောလုံးပွဲရလဒ်များ

ကာဒစ်ဖ်	၂-၂	မန်ယူ
ဆက်ဆူအိုလို	၂-၀	အတ္တလန်တာ
တိုရီနို	၄-၁	ကာတာနီးယား
ဘိုလော့ဂ်နာ	၁-၁	အင်တာမီလန်
လီဗန်တေး	၀-၃	ဗီလာရီးရဲလ်
ဗယ်လက်ကာနို	၁-၄	အက်စ်ပန်ညို
အဲလ်ချီ	၂-၁	ဗလင်စီယာ
ဆီဗီလာ	၄-၀	ဘက်တစ်
ဟမ်းဘတ်	၃-၁	ဟန်နိုဗာ
ဝါဒါဘရီမင်	၂-၃	မိန့်ဇ်
လိုင်လီ	၁-၀	တူးလော့စ်
နိုက်စ်	၀-၁	စိန့်အက်တီယန်
နန့်တက်စ်	၀-၁	မိုနာကို

ပေါ်တို Vs ဩစတြီးယားဝီအန်

ပွဲစဉ်-၄ အပြီးမှာ ပေါ်တိုအသင်းဟာ ရမှတ် လေးမှတ်နဲ့ အဆင့်သုံး နေရာမှာရှိနေပြီး အဆင့်နှစ် ဇင်းနစ်နှင့် တစ်မှတ်သာကွာပါတယ်။ ဝီအန်အသင်းမှာ ရမှတ်တစ်မှတ်နဲ့ အဆင့်လေးမှာ ရှိနေပါတယ်။ ပေါ်တိုအသင်းဟာ ပေါ်တူဂီ ပြည်တွင်းလိဂ် အမှတ်ပေးဇယား ထိပ်ဆုံးမှာရပ်တည်နေပြီး ဝီအန်ကတော့ ပြည်တွင်းလိဂ်တွင် အဆင့်သုံးနေရာမှာသာ ရှိနေပါတယ်။ အိမ်ကွင်းအခွင့်အရေး အသုံးချနိုင်ပြီး အမှတ်ပြည့်ယူနိုင်မယ်ဆိုရင် ပေါ်တိုအသင်း မျှော်လင့်ချက်ရှိမှာပါ။

ချန်ပီယံလိဂ်ဟာ ဘိုင်ယန်မြူးနစ်အတွက်လား

ချန်ပီယံလိဂ်ဖလား ပွဲစဉ်တွေ ကစားနေချိန်မှာပဲ ဒီနှစ်ချန်ပီယံလိဂ် ဖလားကို ဘိုင်ယန်မြူးနစ်တို့ရယူနိုင် စွမ်းရှိတယ်လို့ အားကစားမီဒီယာ တွေက ဖော်ပြနေကြပါတယ်။

ဘိုင်ယန်မြူးနစ်ရဲ့လက်ရှိခြေစွမ်း ကိုကြည့်ရင် ချန်ပီယံလိဂ်ဖလားရယူဖို့ အတွက် ကစားသမားကောင်းတွေ ရှိနေပြီး နည်းပညာနဲ့နည်းဗျူဟာပိုင်းက လည်း အသင်းအောင်မြင်မှုရရှိဖို့ အတွက် အဓိကတွန်းအားပေးသကဲ့သို့ ရှိနေပါတယ်လို့ ဆိုပါတယ်။

ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီ ယိုလာဟာ အသင်းအောင်မြင်မှုရရှိဖို့ နည်းဗျူဟာကောင်းကို ထိုးထွင်း သိမြင်သူတစ်ဦးဖြစ်ပြီး ကွင်းထဲမှာ ကစားသမားတွေကိုလည်း နေရာ တကျမှန်ကန်စွာအသုံးချ ပုံဖော်နိုင် စွမ်းရှိသူလည်း ဖြစ်ပါတယ်။

အသင်းမှာရှိတဲ့ ကစားသမားတွေ နဲ့ အံဝင်ခွင်ကျရှိမယ့် နည်းပညာနဲ့ ဗျူဟာအခင်းအကျင်းကို မှန်မှန် ကန်ကန် အသုံးပြုစွမ်းဆောင်နိုင်သူ ဖြစ်ပါတယ်။ ဒါ့အပြင် ကစားသမား တစ်ဦးချင်းရဲ့စိတ်ဓာတ်နဲ့ စွမ်းရည် ပိုင်းကို ထဲထဲဝင်ဝင်သိရှိအောင် ကြိုးစားသူတစ်ဦးဖြစ်ပြီး စိတ်ဓာတ်ပိုင်း တွန်းအားပေးမှုကိုလည်း စွမ်းဆောင် နိုင်သူ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်ရဲ့ အသင်းလိုက် စွမ်းဆောင်မှုအပိုင်းကိုကြည့်ရင် ရှေ့၊ လယ်၊ နောက်ကစားသမားတွေရဲ့ အား ထုတ်မှု၊ တာဝန်ယူရမယ့်ဇုန်အတွင်းမှာ အားထုတ်ကြိုးပမ်းမှုတွေဟာ လက်ရှိ အချိန်မှာကျေနပ်စရာ အကောင်းဆုံး အသင်းဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ကစားသမားတစ်ဦးချင်း ရဲ့ နိုင်လိုစိတ်ဓာတ်ပြင်းထန်မှု၊ နိုင်ပွဲ ရအောင် ကြိုးစားအားထုတ်မှုတွေဟာ အသင်းရဲ့အောင်မြင်မှုရလာတဲ့ လမ်း ကြောင်းအပေါ် ရောက်ရှိစေတာ ဖြစ်ပါ တယ်လို့လည်း ဆိုပါတယ်။

ချန်ပီယံလိဂ်ဖလားဟာ ထိုက်တန် တဲ့ခြေစွမ်းရှိမှရမှာဖြစ်တာမို့ ပြည်တွင်း လိဂ်ပြိုင်ပွဲတွေမှာ ခြေစွမ်းပြနိုင်ရုံနဲ့ မရဘဲ ပြိုင်ပွဲအရပ်ရပ်မှာရလဒ်ကောင်း တွေရရှိဖို့ ခြေစွမ်းထက်ဖို့လည်း လို အပ်ကြောင်း ဖော်ပြပေးထားတာမို့ အဲဒီစွမ်းရည်တွေဟာ ဘိုင်ယန်မြူးနစ် မှာ တွေ့မြင်ရတယ်လို့ ဆိုပါတယ်။

မိုးမြင့်လင်းလက်

ဖိလစ်ပိုင်လက်ဝှေ့သမား အမှတ်ဖြင့်နိုင်

ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီပတ်ကွီယိုက အမေရိကန်လက်ဝှေ့သမား ဘရန်ဒန်ရီးယော့စ်အား အမှတ်ဖြင့်အနိုင်ရလိုက်သဖြင့် နှစ်နှစ်အတွင်း ပထမဆုံးသော ချန်ပီယံခါးပတ်ကို ရယူလိုက်သည်။ ယင်းအနိုင်ရမှုသည် မုန်တိုင်းဒဏ်ကြောင့် စိတ်ဒဏ်ရာခံစားနေရသူများအတွက် စိတ်ဓာတ်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပတ်ကွီယိုကပြောသည်။ ၎င်းသည် အဆိုပါပြိုင်ပွဲတွင် အနိုင်ရလိုက်ခြင်းကြောင့် ၅၅ ပွဲနိုင်၊ ငါးပွဲရှုံးပြီး နှစ်ပွဲသရေ ရထားသည်။ ဒိုင်လူကြီးသုံးဦးစလုံးက ပတ်ကွီယိုအား အမှတ်ဖြင့် အနိုင်ပေးခဲ့သည်။

မန်ယူထံမှကာဒစ် တစ်မှတ်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁၂) အဖြစ် ကာဒစ်ကအိမ်ကွင်း၌ မန်ယူထံမှ ထိုက်တန်သော တစ်မှတ်ကို ရယူလိုက်သည်။ လူစားဝင်လာသူ ကင်ဘိုကွန်း၏လေလွင့်ချိန်ဂိုးဖြင့် ကာဒစ်တို့ မန်ယူကို အနိုင်မပေးဘဲ ရပ်တန့်ထားသည်။ ရွှန်းနေနှင့်အီဗရာတို့၏ဂိုးများဖြင့် မန်ယူက ကာဒစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူရန် ကြိုးစားနေချိန် လူစားဝင်လာသူ ကင်ဘိုကွန်းက ကာဒစ်အတွက် လေလွင့်ချိန်ဂိုးသွင်းယူပေးခဲ့သည်။ ရွှန်းနေသွင်းယူသောဂိုးကို မန်ယူတိုက်စစ်မှူးဟောင်း ကင်းဘဲလ်ကချေပခဲ့သည်။ မန်ယူတို့သရေပွဲကြောင့် ဇယားထိပ် နံပါတ် လေးသို့ တက်ခွင့်မရဘဲရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဂျိုးဟတ် မန်စီးတီးသို့ပြန်လာပြီ

ဂိုးသမားဂျိုးဟတ်သည်**(အပေါ်ပုံ)** မန်စီးတီးသို့ ဗစ်တိုးရီးယားပီဇန်နှင့် ဗုဒ္ဓဟူးနေ့တွင် ကစားမည့်ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲအတွက် ပြန်လာပြီဖြစ်ကြောင်း မန်စီးတီးနည်းပြ ပယ်လီဂရီနီက ပြောသည်။ အင်္ဂလန်နံပါတ်တစ် ဂိုးသမား ဂျိုးဟတ်သည် နိုဝင်ဘာ ၂ ရက်က နော့ဝှစ်ချ်နှင့် ကစားသည့်ပွဲတွင် ဒဏ်ရာရခဲ့ပြီးနောက် မန်စီးတီးအတွက် မကစားနိုင်ဘဲရှိသည်။ အသက် ၂၆ နှစ်ရှိ ဂျိုးဟတ်သည် ဒဏ်ရာကြောင့် အင်္ဂလန်နှင့် ချီလီ၊ ဂျာမနီတို့နှင့်ကစားသည့် ချစ်ကြည်ရေးပွဲများတွင်လည်း လွဲချော်ခဲ့ရသည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် နောက်ဆုံး ၁၆ သင်းပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်ထားပြီးဖြစ်သည်။ သို့ရာတွင် ဂျိုးဟတ်သည် လွန်ခဲ့သည့်လ ဘိုင်ယန်မြူးနစ်ပွဲတွင် အမှားများခဲ့၍ ဝေဖန်ခံခဲ့ရသည်။

UNIQUE STAR TRAVELS.
(195,000)
Dec: 21 / Jan: 16.30 (195,000)
Daily (Hotel Max) (70,000) / (Friday) (80,000)
(5), Asia Plaza. Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
No (70/A), Kabaaye Pagoda Rd, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

(၃၅) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

၂၆-၁၁-၂၀၁၃ရက်တွင် ကျရောက်သော **ဖေဖေ ဗိုလ်မှူးကြီးသောင်းရွှေ(နည်းပြအရာရှိချုပ်-တတက-၂) နှင့် မေမေ ဒေါ်ခင်သန္တာ**တို့၏ **(၃၅)နှစ်မြောက်** မင်္ဂလာရက်မြတ်မှသည် နောင်ဆယ်စုနှစ်ပေါင်းများစွာတိုင် ချစ်သော သားသမီး၊ မြေးများနှင့်အတူ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကီ လောကုတ္တရာအကျိုးကို သယ်ပိုးနိုင်၍ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ…

ချစ်သား သမီးများ - **မကေသီ**
- **ကိုလွင်မောင်မောင်-မချောသဇင်**
- **ကိုသူဇော်-မယုသီဂီ**

ချစ်မြေးလေး - **လင်းမြတ်**

ဝင်းဇော် (သစ်တော)

အကျိုးစီးပွားဖြစ်ထွန်းစေသော

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

နေပြည်တော်နေ ဗိုလ်ချုပ်မျိုးမြင့်သိန်း[ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)]-ဒေါက်တာဒေါ်မာနီတို့၏ တစ်ဦးတည်းသောသား

ဒေါက်တာလင်းအောင်ထက်

M.B.,B.S(Ygn)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ အမှတ် ၂၁-ဆ နေ ဦးသိန်းအောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)-ဒေါ်အေးအေးမြင့် (Shwe Ywet Hla Manufacturing Co.,Ltd)တို့၏ သမီးကြီး

မခိုင်သဇင်

B.Sc(Engineering. IT), B.A(Business Management)

တို့၏ ၂၃-၁၁-၂၀၁၃ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်ဖက်မိဘဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မန္တလေးသိန်းဇော်၊ မင်္ဂလာအခါတော်ပေး ဒေါ်နှင်းရီသန့်၊ သတို့သားအရံများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာပြည့်ဖြိုးထက်၊ မောင်ရဲဝင့်လှိုင်ဘွားတို့အားလည်းကောင်း၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော မရွှေအိမ်စည်၊ ဒေါက်တာရွှန်းလဲ့လဲ့ဇော်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာခန့်ရှင်းသန့်၊ ဒေါက်တာချစ်စုတင်၊ ဒေါက်တာပြည့်စုံဟိန်း၊ မဖြိုးပြည့်စုံတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မမေသူဖေ၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာနန်းယမင်းထွန်းအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်းများအား စိတ်တိုင်းကျ ဆင်မြန်းပေးပါသော Lady Luck မှ ဒီဇိုင်နာ မဇွန်ဝတ်ရည်(မငယ်)၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့် ဆင်မြန်းပေးပါသော(မဂိုလမ်း)မသီ၊ မိတ်ကပ်နှင့် မင်္ဂလာပွဲအား အစအဆုံးကူညီစီစဉ်ပေးပါသော မိတ်ကပ်ဂျိုးဂျိုးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအပြင်အဆင်အား မြန်မာမှုဖြင့် ကူညီပေးပါသော ကိုကျော်ခိုင်နှင့်အဖွဲ့၊ ပန်းအလှပြင်ဆင်ပေးပါသော ကိုမြတ်သန့်၊ မင်္ဂလာဓာတ်ပုံများ စိတ်တိုင်းကျစီစဉ်ပေးပါသော ဦးပီတာနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားလိုအပ်သည်များကို မေတ္တာဖြင့်ကူညီပေးပါသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများအားလည်းကောင်း၊ ၂၁-၁၁-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးပွဲအား ကြီးကြပ်ဦးဆောင်ကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း (ငြိမ်း)နှင့်ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာလင်းအောင်ထက်-မခိုင်သဇင်

ဆေးစွမ်းထက်မြက် မြင်းခွာရွက်

မြင်းခွာရွက်သည် စားသုံးရန် ဟင်းရွက်ဖြစ်သည့်အပြင် ဆေးဖက်လည်းဝင်ကြောင်းကို လူတိုင်းသိပြီးဖြစ်ပါသည်။ မြင်းခွာရွက်ပင်သည် စိုစွတ်သောမြေ၊ ရေဓာတ်မခန်းခြောက်သော နေရာများတွင် သဘာဝအတိုင်း အလေ့ကျ ပေါက်ရောက်သည့်အပြင် သီးသန့်စိုက်ပျိုး၍လည်း ရသည်။ သဘာဝအတိုင်းပေါက်သော မြင်းခွာရွက်သည် စိုက်ပျိုးထားသော မြင်းခွာရွက်ထက် ဆေးဖက်ဝင်အာနိသင် ပါဝင်မှုကွာခြားသည်။ မြင်းခွာရွက်သည် အနွယ်ပုံစံဖြစ်ပြီး အရွက်နှင့် ပင်စည်တို့သည် အနည်းငယ်မာပြီး အရသာ ခါးသက်သက်ရှိသည်။ ရိုးတံအဖြူ မြင်းခွာရွက်ထက် ရိုးတံအနီမြင်းခွာရွက်သည် ပို၍ ဆေးဖက်ဝင်သည်ဟု ဆိုပါသည်။ မြင်းခွာရွက်သည် ချို၊ ခါး၊ အေးအရသာရှိကာ သုပ်၍သော်လည်းကောင်း၊ တို့စရာအဖြစ်သော်လည်းကောင်း၊ ဖျော်ရည်အဖြစ်သော် လည်းကောင်း စားသုံးနိုင်သည်။

တွေ့ရှိ

အယ်လ်ဂျီးရီးယား နိုင်ငံမှ သုတေသနပညာရှင်များ၏ သုတေသနပြုချက်များအရ မြင်းခွာပင်၌ ပြိုင်ဘက်ကင်းသော ဗီတာမင်တစ်မျိုးကို တွေ့ရှိရသည့်အပြင် ဗီတာမင်အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ အက်ဖ်အထိ တွေ့ရှိကြောင်း ဖော်ထုတ်ခဲ့သည်။

မြင်းခွာရွက်ကို စားခြင်းဖြင့် အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်း၊ ဓာတ်လေးပါးမှန်ခြင်း၊ အသိဉာဏ်တိုးပွားခြင်း၊ အပူငြိမ်းခြင်း၊ သွေးတိုးရောဂါ၊ အဆုတ်ရောဂါ၊ ပန်းနာရင်ကျပ်၊ ဆီးရောဂါများ၊ သွေးဝမ်းသွားခြင်းရောဂါများအတွက် အသုံးဝင်ပါသည်။ အိန္ဒိယတွင် မှတ်ဉာဏ် တိုးပွားစေသော ဆေးအဖြစ် အသုံးပြုကြသည့်အပြင် အာရုံကြောနှင့် ဦးနှောက်အားဆေး၊ သန်ချဆေး၊ ဝမ်းနုတ်ဆေး၊ အသက်ရှုလမ်း ခွဲထုတ်ဆေးအဖြစ် သုံးနိုင်သည်။ ဝက်ရူးပြန်ခြင်း၊ အာရုံကြောမကောင်းခြင်း၊ အစာမကြေခြင်း၊ အနာကြီးရောဂါ၊ ဆင်ခြေထောက်၊ ပြည်တည်နာ၊ အနာပဆုပ်၊ အသားဝါ၊ ဝမ်းကိုက်နှင့် နှင်းခူနာများအတွက်လည်း အသုံးပြုကြောင်း

သိရသည်။

မြင်းခွာရွက်သည် အာဟာရဓာတ်ဖောက်ပြန်မှုကို ပြုပြင်ခြင်းနှင့် ကိုယ်တွင်းစနစ်ကို ပုံမှန်ပြန်ဖြစ်စေနိုင်စွမ်းရှိသော ဆေးဖြစ် ဝါးဖြစ်ဟင်းလျာတစ်မျိုးဖြစ်သည်။ ဗြိတိသျှသိပ္ပံပညာရှင်တစ်ဦးသည် မြင်းခွာရွက်တွင် အံ့ဖွယ်သတ္တိထူးများ ကိန်းအောင်းနေပြီး များစွာသော ရောဂါများကို ကုပေးနိုင်သည့်အပြင် နေ့စဉ်စားသုံးခြင်းဖြင့် အသက်ရှင်သန်မှုဓာတ်အားကို ဖြည့်စွက်ပေးပြီး လူ့သက်တမ်းကို ပိုရှည်စေနိုင်သည်ဟု ဆိုခဲ့ပါသည်။ တရုတ်ပြည်တွင် ဂျင်ချီဂျီယန် (Jinchingingiyan) ဆိုသူသည် မြင်းခွာရွက်ကို စားသုံးခြင်းဖြင့် အသက် ၂၅၀ ထိ နေခဲ့ရသည်ဟု ဆိုပါသည်။

မြင်းခွာရွက်ကို အရိပ်တွင် အခြောက်လှန်း၍ ဗာဒံသီးခုနစ်စေ့၊ ငရုတ်ကောင်း ၄၁/၂ ဒက်စီဂရမ်ဖြင့် ရေတွင်ရောကာ ညဘက်အစာမစားထားဘဲ နံနက်စောစောတွင် သောက်သုံးပေးခြင်းဖြင့် မှတ်ဉာဏ်နှင့် အာရုံစူးစိုက်မှုတို့ကို တိုးမြင့်စေနိုင်ပါသည်။ ချိုစေလိုပါက ပျားရည်ဖြင့်ရော၍ သောက်သုံးနိုင်ပါသည်။ မြင်းခွာရွက်အရည်ကို သကြား၊ ပျားရည်များဖြင့် ရောစပ်ပြီး နေ့စဉ်သောက်သုံးခြင်းဖြင့် ခွန်အားကို တိုးစေသည်။

မြွေကိုက်သော် မြင်းခွာရွက်ရည်ကို သောက်၍ မြွေကိုက်သောနေရာတွင် လူးပေးခြင်းဖြင့် သက်သာစေနိုင်ကြောင်း သိရသည်။ မျက်စိတွင် ခတ်ပေးခြင်းဖြင့် ပြင်းထန်စွာမျက်စိနာခြင်း၊ မျက်စိကျိန်းခြင်းများကို ပျောက်စေနိုင်သည်။ ကလေးများကို လက်ဖက်ဇွန်းငယ် တစ်ဇွန်းခန့် တိုက်ခြင်းဖြင့် အအေးမိခြင်းနှင့် လေပွန်ချောင်းပူခြင်းတို့ကို သက်သာစေပြီး သလိပ်ကို ပျောက်စေသည်။ အရေပြားရောဂါများအတွက် လိမ်းပေးခြင်း၊စားခြင်းဖြင့် ပျောက်ကင်းစေနိုင်ပါသည်။ ငှက်ဖျားရောဂါများအတွက် မြင်းခွာရွက်နှင့် ငရုတ်ကောင်းကို ဆတူရော၍ကြိတ်သောက်ခြင်းဖြင့် သက်သာစေကြောင်း သိရသည်။ မြင်းခွာရွက်ကို ဆီးဖြူခေါက်ဖြင့်ရော၍ ဆားအနည်းငယ်ဖြင့် အိုးသစ်တွင် သုံးခွက်တစ်ခွက်တင် ကျိုသောက်ခြင်းဖြင့် ဒူလာ၊ ညောင်းညာ၊ ကိုက်ခဲခြင်းများကို သက်သာစေပါသည်။ မီးယပ်ပိန်ခြင်းများအတွက် ဆေးမြင်းခွာ လေးကျပ်သား၊ ပိတ်ချင်း နှစ်ကျပ်သားကို အမှုန့်ပြု၍ ရေနွေးနှင့် သောက်သုံးနိုင်သည်။ မြင်းခွာရွက်ခြောက်ကို လက်ဖက်ကဲ့သို့ အခါးရည်ပြုလုပ် သောက်သုံးခြင်းဖြင့် သွေးတိုးရောဂါကို သက်သာစေသည်။ အမှုန့်အနည်းငယ်ကို ပူအောင်ပြုလုပ်၍ ကလေးများ၏ ရင်ဘတ်၌ လိမ်းပေးသော် ချောင်းဆိုးရောဂါ၊ အဆုတ်နာရောဂါ ပျောက်သည်။ ဖျော်ရည်ပြုလုပ်သောက်ခြင်းဖြင့် သွေးဝမ်းသွားခြင်း၊ ဆီးချုပ်ခြင်း၊ နာကျင်ကိုက်ခဲခြင်းနှင့် ဆီး၌သွေးပါခြင်းများကို ပျောက်ကင်းစေသည်။

အစွမ်းထက်

မြင်းခွာရွက်ထက် အရိုး၊ အရိုးထက် အမြစ်က ပိုမိုအစွမ်းထက်သည်ဟုလည်း ဆိုကြပါသည်။ ထို့ကြောင့် မြင်းခွာရွက်စားလျှင် အရွက်၊ အရိုး၊ အမြစ် ငါးပါးစလုံး စုံအောင်စားနိုင်လျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုပါသည်။ တစ်နေ့လျှင် အနည်းဆုံး ခုနစ်ရွက် သို့မဟုတ် သုံးရွက် စားသင့်သည်ဟု သိရသည်။ အလွန်အကျွံစားလျှင် ဆီးများတတ်ပါသည်။ ပျားရည်နှင့် ရောစားပါက ပိုမို အစွမ်းထက်ပါသည်။

စားသုံးသင့်

ထို့ကြောင့် မြင်းခွာပင်သည် အပင်ငယ်သော်လည်း ဆေးဖက်ဝင်သည့်အတွက် စားသုံးသင့်ကြောင်း ဝေမျှလိုက်ရပါသည်။

လပြည့်သော်တာ

မြို့သာယာလှပရေး ဆောင်ရွက်

ခန္တီး နိုဝင်ဘာ ၂၅

ခန္တီးမြို့၏ ကမ်းနားလမ်းနှင့်ဆိပ်ကမ်းတွင်ရှိသော အမှိုက်များနှင့် မြို့တွင်းရှိ အမှိုက်များကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီမှစ၍ ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

လုပ်အားပေးအဖွဲ့များကို မြို့နယ်စည်ပင်သာယာရေးရုံးတွင် စုစည်း၍ ဆိပ်ကမ်းသာယာလှပရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်သိန်း၊ ကမ်းနားလမ်းနှင့် ဆိပ်ကမ်းသာယာလှပရေးကော်မတီများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုပ်သားပြည်သူများ စုပေါင်းဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆောင်းပါးနှင့်နယ်သတင်း

ပြည်လုံးချမ်းသာ မိုးကောင်းစေတီတော် ထီးတော်တင်လှူ

နတ်မောက် နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် နလက္ခုပ္ပင်ကျေးရွာရှိ တောင်ကျောင်းအတွင်း ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ မိုးကောင်းစေတီတော်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ဘုရားရင်ပြင်၌ ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင် နလက္ခုပ္ပင်အုပ်စု သံဃနာယကဥက္ကဋ္ဌဆရာတော် ဦးကုမာရအမှူးပြုသော သံဃာတော်များနှင့် ဘုရားထီးဒါယကာ၊ ဒါယိကာမများက စေတီတော်ကြီး၏ ထီးတော်ဘုံအဆင့်ဆင့်ကို ဆက်ကပ်တင်လှူကြပြီး ဆက်လက်၍ အရံစေတီတော်ရှစ်ဆူကိုလည်း ဒါယကာ၊ ဒါယိကာမများက ဆက်လက်တင်လှူကြရာ ကျေးရွာရှိ စေတနာရှင်၊ ကုသိုလ်ရှင်များ၏ လှူဒါန်းငွေများဖြင့် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘုန်းတော်ကြီးသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

လဟယ် နိုဝင်ဘာ ၂၅

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ဘုန်းတော်ကြီးသင်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက လဟယ်မြို့ ဘုန်းတော်ကြီးပညာသင်ကျောင်းဆောင်ရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သာသနာရေးဦးစီးမှူး ဦးလှဝင်းက ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေကိုတင်ပြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအီနွယ်လှိုင်ပူနှင့် ပညာရေးမှူး ဦးမာန်ထွန်းဂေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆောက်လုပ်

လဟယ်မြို့ ဘ/ကကျောင်းသည် ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်းအဆင့်ထိ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ယနေ့အချိန်တွင် အောင်မြင်လျက်ရှိသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖြစ်လာသည်နှင့်အမျှ လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ ကျောင်းသားကျောင်းသူ များပြားလာသည်နှင့်အမျှ လက်ရှိအဆောက်အအုံနှင့် မလုံလောက်သည့်အတွက် ယခုတိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ကာ ပညာသင်ကြားပေးနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလိုစက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၁၄-၁၁-၂၀၁၃ရက်မှ ၁၆-၁၁-၂၀၁၃ရက် သတင်းစာတို့တွင် ခေါ်ယူထားသော စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ ယခင် မရမ်းကုန်းအထည်စက်ရုံအမှတ်(၁)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အသုံးမလိုပိုလျှံစက်နှင့် စက်ပစ္စည်း(အဟောင်း)၊ အမျိုးအစား ၁၂ မျိုး လုံးရေ ၂၀ လုံးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

(က) ရက်ကန်းလုပ်ငန်းစက်ပစ္စည်းများ

(၁)	Weaving Machine (ရိုးရိုး) (Toyoda-Sulzer)	၁ လုံး
	Weaving Machine (ဒိုဘီ) (Toyoda-Sulzer)	၁ လုံး
(၂)	Sizing Machine (Slasher) (ကော်တင်စက်)	၂ လုံး
(၃)	Hank to Cone Winder (ကုံးလုံးရစ်စက်)	၄ လုံး
(၄)	Warper	၂ လုံး
(၅)	Ring Twister (408 Spindle) (ချည်ကျစ်စက်)	၁ လုံး
	Ring Twister (384 Spindle) (ချည်ကျစ်စက်)	၁ လုံး

(ခ) အထောက်အကူပြုစက်ပစ္စည်းများ

(၆)	Boiler (Takuma) (2 Ton) (မစ-၃၁၂၁)	၁ လုံး
(၇)	Raising Machine (မွေးဖွစက်)	၁ လုံး
(၈)	Diesel Generator (Kobota 4 KVA)	၁ လုံး
(၉)	Air Condition Complete Set	၂ လုံး
(၁၀)	Air Compressor	၁ လုံး
(၁၁)	Roots Blower (Morita) (လေမှုတ်စက်)	၁ လုံး
(၁၂)	F.O Tank (ဆီသိုလှောင်ကန်)	၁ လုံး
	စုစုပေါင်း	၂၀ လုံး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၁၁-၂၀၁၃ ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း (ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(၂) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
(ဂ) တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး (ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆
ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ် ၂၁၅၊ အကျယ်ပေ(၁၇၅/၁၂၇×၃၅၅/၃၃၇)ရှိ မြေခွန်မြေစာထွက်ရှိထားသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမျိုးမြင့်အောင် ၁၂/တမန(နိုင်)၀၄၄၃၀၁နှင့် ဒေါ်ကြည်လှိုင် ၁၂/တမန(နိုင်)၀၄၅၄၉၅ ကိုင်ဆောင်သူတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့်အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
အမှတ် ၂၂၂၊ စံပယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
MGY Construction Co., Ltd.

1. Site Engineer — ကျား(၈)ဦး(နေ၊ စား၊ ငြိမ်း)
   BE, B.Tech, AGTI(Civil)
2. Accountant LCCI Level(I,II,III) — ကျား(၃)ဦး/မ(၃)ဦး
   (အမျိုးသားများသည် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။)
3. IT Computer ကျောင်းဆင်း — ကျား(၃)ဦး/မ(၃)ဦး
   (မိတ္တူ၊ စာစီစာရိုက်ဆိုင်တွင်လုပ်ဖူးသူ ဦးစားပေးမည်။)
4. Dump Track Driver — ကျား(၅)ဦး
   (ကညနမှထုတ်ပေးသော E လိုင်စင်ရှိရမည်။)

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူများနှင့် ၅-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ အမှတ် ၄၁၂၀/၄၁၂၁၊ ရာဇဌာနီလမ်း၊ ပေါင်းလမ်း(၂)၊ ရွာကောက်အုပ်စု၊ ပျဉ်းမနားမြို့၊ နေပြည်တော်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂/ရွှေချီ၊ ဦးပိုင်အမှတ် ၆၉၊ ဧရိယာ ၀.၁၁၃ ဧက ၁၅၇၈ ကေရှိ ဦးမေအောင်အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်မေမေခိုင် (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၂၀၁၂၃ (ဘ) ဦးမေအောင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာနိုင်ငံ၏ ပထမဦးဆုံး မသန်စွမ်းမှုဆိုင်ရာရေဒီယိုအစီအစဉ်မှ မသန်စွမ်းသူများနှင့် မသန်စွမ်းရေးရာစိတ်ဝင်စားသည့် ပြည်သူများအတွက်ထုတ်လွှင့်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

ယနေ့ ကမ္ဘာကြီးကို ကမ္ဘာ့ရွာ အဖြစ်ပြောင်းလဲရာတွင် အသံလွှင့်လုပ်ငန်း၏အခန်းကဏ္ဍသည် အဓိက နေရာမှပါဝင်နေသကဲ့သို့ လူမှုဘဝ၏ အပြောင်းအလဲတစ်ခုကို အသံလွှင့်လုပ်ငန်းဖြင့် စွမ်းဆောင်ပေးနိုင်ကြောင်း အများပြည်သူများက လက်ခံထားပြီးဖြစ်သည်။

အဆိုပါ ကမ္ဘာ့ရွာအတွင်း မြန်မာနိုင်ငံမှလည်း တစ်ထောင့်တစ်နေရာ၌ ရှိနေရာ မြန်မာနိုင်ငံ၏ အသံလွှင့်လုပ်ငန်းများမှာလည်း ဌာနဆိုင်ရာအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ အသီးသီးပူးပေါင်းဝင်ရောက် ဆောင်ရွက်လျက်ရှိသည်။

ထိုအသံလွှင့်လုပ်ငန်းများအတွင်း ဂျပန်နိုင်ငံအခြေစိုက် The Nippon Foundation ၏ ကူညီပံ့ပိုးမှုဖြင့် ရပ်တည်နေသည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ မြန်မာနိုင်ငံ၏ ပထမဦးဆုံး မသန်စွမ်းမှုဆိုင်ရာ ရေဒီယိုအစီအစဉ် အယ်ဒီတာ (MILI Online Radio Program) ဖြစ်သူ ဒေါ်နွေးဇာခြည်စိုးကိုတွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး မသန်စွမ်းမှုဆိုင်ရာရေဒီယိုအစီအစဉ် အယ်ဒီတာဖြစ်သူ ဒေါ်နွေးဇာခြည်စိုး၏ပြောပြချက်အရ MILI Online Radio Program၏ အားသာချက်မှာ မသန်စွမ်းသူများအတွက် အထူးသဖြင့် အမြင်အာရုံချို့ ယွင်းအားနည်းသူများပါ အသုံးပြုနိုင်ပြီး ၎င်းတို့အတွက် နေ့စဉ်လိုအပ်နေသော သတင်းအချက်အလက်များ၊ ဗဟုသုတများနှင့် အပန်းဖြေ နားသောတဆင်နိုင်ရန်တေးသီချင်းများ ထုတ်လွှင့်ပေးသည့်အခြားအွန်လိုင်း မီဒီယာများကိုပါ အလွယ်တကူ ရွေးချယ်နားဆင်နိုင်ရန် ထည့်သွင်းပေးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ MILI Online Radio Program မှ အခြားကဏ္ဍခွဲအနေဖြင့် နေပြည်တော် မြန်မာ့အသံ၊ Mandalay FM၊ FM Bagan ၊ ပိတောက်မြေ FM၊ ပဒ္မဝတီ FM အစရှိသည့် အခြားအသံလွှင့်ဌာနများနှင့်ချိတ်ဆက်၍ မသန်စွမ်းမှု ဆိုင်ရာကဏ္ဍစုံကို အပတ်စဉ် ထုတ်လွှင့်တင်ဆက်ပေးလျက် ရှိနေသည်။

အဆိုပါ အခြားအသံလွှင့်ဌာနနှင့် ချိတ်ဆက် တင်ဆက်ပေးနေမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ပထမဦးဆုံး မသန်စွမ်းမှုဆိုင်ရာရေဒီယို အစီအစဉ်အယ်ဒီတာ ဖြစ်သူ ဒေါ်နွေးဇာခြည်စိုးက "အွန်လိုင်းရေဒီယိုကို ဒီ၂၀၁၃ ခုနှစ် ဇန်နဝါရီ တတိယပတ်မှာစတင်ခဲ့တာပါ၊ လက်ရှိအွန်လိုင်းရေဒီယို ဝက်ဘ်ဆိုက်မှာလည်း ၆ နာရီစာ Program ကို လေးကြိမ်နဲ့ သုံးရက်တစ်ခါ Update လွှင့်ပေးနေပါတယ်၊ ပိတောက်မြေကိုလည်း ဒီနှစ်ဆန်းပိုင်း ဖေဖော်ဝါရီလမှာ နေပြည်တော် မြန်မာ့အသံလို့ ပြောင်းလဲလိုက်ပါတယ်၊ အဲ့ဒီနေပြည်တော်မြန်မာ့အသံကိုလည်း ပိတောက်မြေအမည်ကာလကတည်းကပေးပို့ခဲ့တာပါ။ နေပြည်တော်မြန်မာ့အသံကို အသိပညာပေးကဏ္ဍစုံက တစ်ပတ်နှစ်ကြိမ်လွှင့်ပေးနေသလို FM၊ Mandalay FM၊ ပဒ္မဝတီ FM တွေကိုတော့ တစ်ပတ်ကိုတစ်ပုဒ်နှုန်းနဲ့ နှစ်ကြိမ် လွှင့်ပေးပါတယ်"ဟု ရှင်းပြသည်။

"ပတ္တမြား FM ကို ကျွန်မတို့ အပတ်စဉ် တစ်ပတ်ကို တစ်ပုဒ်ပို့ပေးပါတယ်၊ သူတို့အဆင်ပြေတဲ့ အချိန်ထည့်ပေးပါတယ်၊ ကျွန်မတို့ အသိပညာပေး ခေါင်းစဉ်အနေနဲ့ ကတော့ မြန်မာ့အသံကို မညှိုးပန်းတို့၏ဒိုင်ယာရီ၊ Mandalay FM နှင့် ပဒ္မဝတီ FM တွေကိုတော့ ခေါင်းစဉ်အမည်က လူသားထဲကလူ၊ FM Bagan ကိုခေါင်းစဉ်အမည်အနေနဲ့ ညီမျှပုံရိပ်တန်းတူစိတ်၊ သဇင် FM ကိုလည်း စိန်ခေါ်ဖြတ်သန်း ဘဝလမ်းစ တဲ့နာမည်တွေနဲ့ ထုတ်လွှင့်ပေးနေပါတယ်။ ပတ္တမြား FM ကတော့ Title မပေးရသေးပါဘူး။ မိတ်ဆက်အနေနဲ့ ပါရှိနေပါပြီ။ ဒီ အသိပညာပေးကဏ္ဍ၊ ဇာတ်လမ်းနဲ့ သီချင်းတွေက မသန်စွမ်းတွေအတွက် တင်မကပါဘူး။ အများပြည်သူတွေ ပါသိရှိသင့်တယ်လို့ ထင်ပါတယ်၊ ဒါကြောင့် FM အကုန်လုံးမှာလွှင့်နေတဲ့အရာအားလုံးကို FM ကနေ နားမထောင်ဖြစ်ခဲ့ဘူးဆိုရင် ကျွန်မ လုပ်ဆောင်နေတဲ့ www.soundcloud.com/miliradio လင့်ခ်မှာ ဝင်ရောက် နားထောင်လို့ရပါတယ်" ဟု ၎င်းကဆက်လက်ရှင်းပြသည်။

MILI Oniline Radio Program မှာ အခြားအသံလွှင့်ဌာနများနှင့် ချိတ်ဆက်ပြီး အကျိုးအမြတ်တစ်စုံတစ်ရာ ရယူပေးဆပ်ခြင်း အလျှင်းလုံးဝမရှိကြောင်း သိရကာ မိမိတို့၏အသံအားဖြင့် ကူညီသရုပ်ဆောင်ပေးလိုသော မသန်စွမ်းသူများနှင့်မသန်စွမ်းရေးရာ စိတ်ပါဝင်စားသည့် အခြားသန်စွမ်းသူ စေတနာ့ဝန်ထမ်းများ တစ်ဦးချင်း (သို့)အဖွဲ့လိုက်ဖြစ်စေ ဝိုင်းဝန်းကူညီ အားဖြည့်ပေးကြရန်နှင့် ကဏ္ဍသစ်များ၊ ဇာတ်လမ်းများရေးဖွဲ့ပေးပို့ရန် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI Online Radio Program) ဖြစ်သော miliradio @gmail. comသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း လည်း သိရသည်။ **စိုးဝင်း(SP)**

တကွင်းချောင်းရေလွှဲဆည်စီမံကိန်း လယ်မြေဧရိယာဧက၄၀၀၀ကျော် ဆည်ရေလုံလောက်စွာပေးဝေနိုင်မည်

မိုးညှင်း နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ ရွာသစ်ကြီးကျေးရွာအနီးရှိ တကွင်းချောင်းရေလွှဲဆည်စီမံကိန်း လုပ်ငန်းခွင်သို့ နိုဝင်ဘာ ၂၂ ရက်က မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင်နှင့် ဦးဖေသောင်းတို့သည် ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်ယု၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးမြင့်မောင်နှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးခင်မောင်လွင်တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုကြသည်။ **(အောက်ပုံ)**

လွှတ်တော်ကိုယ်စားလှယ်များကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူးက တကွင်းချောင်းရေလွှဲဆည်နှင့် သဲထုတ်တံခါးတည်ဆောက်နေခြင်း လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရန်ပုံငွေရရှိမှု၊ ပံ့ပိုးပစ္စည်းရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ခွင့်ပြုရန်ပုံငွေဖြင့် စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအပြီး တည်ဆောက်ပေးရေး၊ ရေစီးသန်သော တောင်ကျချောင်းပေါ်တွင် တည်ဆောက်ရခြင်းဖြစ်၍ မိုးမကျမီ အပြီးတည်ဆောက်နိုင်စေရန် အကြံပြုဆွေးနွေးသည်။

ယခု တကွင်းချောင်းရေလွှဲဆည်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၆၉၅ သန်းဖြင့် ရေလွှဲဆည်ကိုယ်ထည်ပိုင်းနှင့် မြေထိန်းနံရံများကို တည်ဆောက်ပြီးစီးနိုင်မည်ဖြစ်သော်လည်း သဲထုတ်ရေတံခါးနှင့်မြောင်းထိပ်ရေထိန်းတံခါးတို့ကို ဆက်လက်တည်ဆောက်ရန် ရန်ပုံငွေ ကျပ်၂၆၃ သန်း ထပ်မံလိုအပ်မည်ဟုဆိုသည်။ အဆိုပါဆည်တည်ဆောက်ပြီးပါက ရွာသစ်ကြီး၊ နုံးချို၊ တကွင်း၊ အင်းလေးနှင့် မြို့သာယာ စသည့်ကျေးရွာစုပိုင် လယ်မြေဧရိယာဧက ၄၀၀၀ ကျော်ကို ဆည်ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးအောင်(မိုးညှင်း)

သံတောင်ကြီးမြို့ အမက သံစဉ်ကုန်း၌ အာဟာရနို့ချို တိုက်ကျွေး

သံတောင်ကြီး နိုဝင်ဘာ ၂၅

အနာဂတ်မျိုးဆက်သစ် ကြယ်ပွင့်ကလေးများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာသန်စွမ်းမှုရှိစေရေးအတွက် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက သံတောင်ကြီးမြို့ အမက သံစဉ်ကုန်း၌ ကျောင်းသား ကျောင်းသူ ကလေးငယ် ၂၁၀ ကို အာဟာရနို့ချို နွားနို့နှင့် ကြက်ဥ တိုက်ကျွေးကြသည်။

အဆိုပါ အာဟာရနို့ချို နွားနို့တိုက်ကျွေးခြင်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆရာ ဆရာမများ တက်ရောက်အားပေးကြသည်။ယင်းအာဟာရတိုက်ကျွေးခြင်းကို မြို့နယ်အတွင်းရှိ အမက ကျောင်းများသို့ ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုတီ(သံတောင်)

စာပေမြင့်မှ လူမျိုးတင့်မည်

စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြေအသုံးချရေးဌာနခွဲ အထက်မြန်မာပြည် ဓာတ်ခွဲခန်းရုံးကွန်ကရစ်လမ်း(၅၀၀'×၁၂'× ၆"ထု) ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်း ပေးသွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၂၂-၁၁-၂၀၁၃ ရက်မှ ၂၁-၁၂-၂၀၁၃ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၂-၁၂-၂၀၁၃ ရက် ညနေ ၁၆:၀၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၂-၇၈၆၅၆၊ ၀၂-၇၈၆၄၅၊ ၀၂-၇၈၆၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏တောင်ဘက် မိုင်(၂၀)ခန့်အကွာ၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ
တင်ဒါအဆိုပြုလွှာ
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ဒုတိယတန်းစက်ခန်းအုပ်အမှတ် စမဒ-၆၆/၇၆ဖြင့်ထုတ်ပေးထားသော သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးငြိမ်း ဖုန်း-၀၉-၂၅၆၀၆၆၆၃၅**

ကျေးဇူးဆပ်ပါမည်
ကျွန်တော်လွင်မျိုးသူ ၁၂/သလန(နိုင်)၁၁၂၀၀၃၏ မ·န·လ အမှတ်မမှတ်မိသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသည်။
ဖုန်း-၀၉-၇၃၀၀၉၁၅၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း
ဦးတင်ရွှေ၏သား မောင်ဇင်လင်းဦး ၁၂/လမတ(နိုင်)၀၀၀၉၂၃သည် မိဘ၏ဆုံးမခြင်းကို လိုက်နာခြင်းမရှိသည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝမပတ်သက်တော့ပါ။
(မေးမြန်းခြင်းသည်းခံပါ။)
ဦးတင်ရွှေ ၁၄/ဝခမ(နိုင်)၀၀၀၀၅၁

အမည်ပြောင်း
ဦးမောင်မောင်ဝင်း၏သမီး မြောက်ဥက္ကလာပမြို့နယ် အထက(၂) အဌမတန်း(က)တွင် ပညာသင်ကြားနေသော မမြတ်သီဂီအား မအေးကေခိုင်သက်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးကေခိုင်သက်**

တစ်ဦးတည်းအမည်ဖြစ်ကြောင်း
ဦးထွန်းသိန်း၏ သမီး ကျွန်မ မအေး အေးမော်နှင့် မအေးအေးမွန် JGU -၁၉၂၉၆၅သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဟင်္သာတမြို့၊ အထက(၁)၊ နဝမတန်း(င)မှ မောင်ပြည့်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုးလှိုင် ၁၄/ဟသတ(နိုင်)၀၃၂၉၃၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်
အလက(၈) မြောက်ဥက္ကလာပ စတုတ္ထတန်း(က)မှ မဖြူရှင်းမွန်၏ဖခင်အမည်မှန်မှာ ဦးတင်အောင်ထွန်း ၁၂/မဂဒ(နိုင်)၀၀၁၂၈၆ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်နယ်ကြော်ငြာ

အင်းစိန်စုပေါင်းမဟာဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၂၅

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်တင့် ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ စုပေါင်းကာ ဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၆ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နံနက်ပိုင်းတွင် ပင့်သံဃာတော်များအား ဆွမ်းခဲဖွယ်နှင့် ကထိန်လျာသင်္ကန်းများဆက်ကပ်လှူဒါန်း၍ ပဒေသာပင် ၂၂ ပင် တန်ဖိုးငွေကျပ် ၅၂ သိန်းကျော်တို့ကို မြို့နယ်အတွင်းရှိ စာသင်တိုက်၊ ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းသို့ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

ထီးချိုင့်မြို့နယ်၌ အမျိုးသားတစ်ဦး ဓားဒဏ်ရာဖြင့်သေဆုံး

ထီးချိုင့် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် နမ်ပေါင်းရွာနှင့် ဟသ်ာရွာအကြား လမ်းမပေါ်တွင် အမျိုးသားတစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ထီးချိုင့်မြို့နယ် ကမ်းနီရဲစခန်းမှူး ဒုရဲအုပ်ကျော်တင်၏သတင်းပေးချက်အရ နမ်ပေါင်းရွာနှင့်ဟသ်ာရွာအကြား လမ်းမပေါ်တွင် လူတစ်ဦးဓားဒဏ်ရာဖြင့် လဲကျသေဆုံးနေကြောင်းတွေ့ရှိရ၍ ထီးချိုင့်ရဲစခန်းမှူး ဒုရဲမှူးစောမောင်နှင့်အဖွဲ့က နမ်ပေါင်းရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းအဖွဲ့နှင့်အတူ အခင်းဖြစ်အရပ်သို့သွားရောက်စစ်ဆေးရာသေဆုံးသူမှာ လှမျိုး(ခ)ဂေါ်ဇီလာ (၂၉ နှစ်) ကြာအင်းကြီး အခင်းတော ထီးချိုင့်မြို့နယ်နေသူဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးသည့်အမှုနှင့် ပတ်သက်၍ ထီးချိုင့်ရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

လှအောင်(ကသာ)

လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး မြတ်စွယ်တော်အပူဇော်ခံ ပိတ်ပွဲကျင်းပ

ပြည် နိုဝင်ဘာ ၂၅

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၀၂ နှစ်ပြည့် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်နှင့်(၁၁၄) ကြိမ်မြောက် မြတ်စွယ်တော် အပူဇော်ခံပိတ်ပွဲ ရေစက်ချ မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ည ၉ နာရီက ရွှေဆံတော်ရင်ပြင်ရှိ ဗုဒ္ဓမြတ်စွယ်တော်တိုက်၌ကျင်းပသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿဗုဒ္ဓပဏ္ဏာမဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပတ္တမြားစေတီ၊ မူလစေတီတော်ရွှေကလာပ်တော်နှင့်ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်တော် မူနေသော စိန်စေတီတော်ကို အပူဇော်ခံထားရာ ပလ္လင်တော်ပေါ်မှ အခမ်းအနားကျင်းပသည့် ယာယီ ပလ္လင်ပေါ်သို့ ပင့်ဆောင်သည်။ ထို့နောက်ပြည်မြို့ ရွာဘဲတောင်ပေါ် ကျောင်းတိုက် ဦးစီးပဓာနနာယက ရွှေဆံတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယပဲခူးတိုင်းဒေသကြီး တိုင်းသံဃနာယက အဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များကငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အခမ်းအနားမှူး ဦးငွေမောင်က ၂၆၀၂ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ၁၁၄နှစ်ပြည့် မြတ်စွယ်တော်အပူဇော်ခံပွဲရရှိသောငွေနှင့် ရတနာပစ္စည်းစာရင်းများအား ဖတ်ကြားပြီး ဘဒ္ဒန္တကုမာရအရှင်သူမြတ်က ကောင်းမှုအစုစုတို့အတွက် အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်တော်မူသည်။ ထို့နောက် ပတ္တမြားစေတီတော်၊ အပူဇော်ခံထားရာ ကလာပ်ပေါ်မှ ဂေါပကအဖွဲ့ဝင် ဦးမြဝင်းက ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်ထံ ပေးအပ်ပြီး ၎င်းမှ ယာယီပလ္လင်ပေါ်သို့ ပင့်ဆောင်ပေးသည်။ ယင်းနောက် သီဟိုဠ်မှ ပင့်ဆောင်လာသော မူလစေတီတော် ဂေါပကအဖွဲ့ဝင် ဦးထိန်လင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းအား ပေးအပ်ပြီး ၎င်းမှ ယာယီပလ္လင်ပေါ်သို့ တိုက်ရိုက်ပင့်ဆောင်ပေးသည်။ ဆက်လက်၍ ရွှေကလာပ်တော်နှင့်စိန်စေတီတော်တို့ကို အပူဇော်ခံထားရာနေရာများမှ ယာယီပလ္လင်ပေါ်သို့ တာဝန်ရှိသူများက ပင့်ဆောင်ကြသည်။ **(အောက်ပုံ)**

၎င်းနောက် မူလစေတီတော်ကို ကြေးစေတီတော်အတွင်း သိမ်းဆည်း၍လည်းကောင်း၊ ရွှေကလာပ်တော်ကို ကြေးစေတီတော်အတွင်း သိမ်းဆည်း၍လည်းကောင်း၊ စိန်စေတီတော်ကို ဂန္ဓကုဋိတိုက်အတွင်းရှိ မီးခံသေတ္တာအတွင်းသိမ်းဆည်းပြီးပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၀၂) တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်နှင့်(၁၁၄) နှစ်ပြည့် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပိတ်ပွဲ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

မောင်ရွှေဝင်း(ပြည်)

အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

အင်းတော် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ ပုန်းဟုန်ကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မော်လူးနယ်မြေရဲစခန်းမှ နယ်ထိန်းဒုရဲအုပ် အောင်အောင်သန်းနှင့် အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ ပုန်းဟုန်ရွာလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် ဆန်းဝင်းဆိုသူအားတွေ့ရှိရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီရှည်အိတ်ကပ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၈ ဒသမ ၁၆ ဂရမ်ခန့်ပါ ပလတ်စတစ်နှင့်ထုပ်လျက် ဆပ်ပြာခွက်တစ်ခွက်၊ ကာလတန်ဖိုး ၈၁၆၀၀၀၊ ငွေစက္ကူရောရာ ၇၅၅၅၅ ကျပ် ဘောင်းဘီရှည်အနက်ကျားတစ်ထည်၊ ကြွပ်ကြွပ်အိတ်အနက်သေးတစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ ဆန်းဝင်း (၄၃ နှစ်) ဖားပန့်ကျေးရွာ အင်းတော်မြို့နယ်နေသူအား ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တွင် ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပမည်

ဟုမ္မလင်း နိုဝင်ဘာ ၂၅

နတ်တော်လဆန်း ၁ ရက်တွင် ကျရောက်မည့် ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များတွင် ရိုးရာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ရှမ်းနှစ်သစ်ကူးပွဲတော်ကို ခန္တီးမြို့နယ်တွင် ခန္တီးမြို့ မြို့နယ်အားကစားကွင်း၊ ဟုမ္မလင်းမြို့နယ်တွင်မောင်းခမ်းစံပြကျေးရွာ၊ နောင်ပိုအောင်စံပြကျေးရွာနှင့် ထမံသီစံပြကျေးရွာများတွင် ဒီဇင်ဘာ ၂ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီးဦးစန်းရွှေ၏ ညွှန်ကြားမှုဖြင့် သက်ဆိုင်ရာရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီက ဦးဆောင်ကျင်းပသွားမည်ဖြစ်သည်။ တိုင်းရင်းသားချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းဖော်ထုတ်ရန် ရည်ရွယ်ကြောင်း သိရသည်။

စိုင်းစိုင်း(ဟုမ္မလင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနား

ဇီးကုန်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ မြို့နယ်သမဝါယမအသင်းစုလီမိတက်သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ဇီးကုန်းမြို့ မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ တတိယအကြိမ်မြောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေး ပံ့ပိုးချေးငွေပေးအပ်ပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဇီးကုန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းလှတင်နှင့်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းညွှန့်တို့က ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ၂၄ သင်း၊ အသင်းသား ၁၂၀၅ ဦးအတွက် ပံ့ပိုးချေးငွေကျပ် ၁၃၇၈၉၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၇၅)

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးဆိုင်ရာ အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ ရွှေမြင့်မိုရ်ထွန်းဟိုတယ်ခန်းမ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးစေရေးဆိုင်ရာ အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအဖွဲ့တို့ပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာခင်မောင်သွင်က နိုင်ငံတော်၏ ရရှိပြီးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထိခိုက်လျော့ပါးဆုံးရှုံးစေမည့် သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးကို နည်းပါးလာသည်ထက်နည်းပါးစေရန် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ကြိုတင်ထားရှိရန် လိုအပ်ကြောင်းပြောကြားသည်။ဆက်လက်ပြီး UN-Habitant မှ စီမံကိန်းအင်ဂျင်နီယာဒေါက်တာကျော်သူနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသောင်းရွှေက မြန်မာနိုင်ငံအတွင်းရှိ ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လ/၀၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၉၅/၂၀၃၊ ကမ်းနားလမ်း၊ အလုံမြို့နယ်ရှိ မြေ ဝဒသမ ၉၈၇ဧကအား မြေငှားရမ်းခြင်းလုပ်ငန်း/သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သော လုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ

တင်ဒါစိစစ်မည့်နေရာ - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်၊

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၁၀၀၊ မြေကွက်တည်နေရာအမှတ် ၁၁၀၀၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးကြည်မောင်စိုး ISN-၂၀၃၃၂၄အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဦးကြည်မောင်စိုးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၃၉၀/၁၀ (၁၈-၆-၂၀၁၀)ဖြင့် ကိုယ်စားလှယ်ရရှိသူ (၁) ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၆၄၁၀၃၊ (၂) ဒေါ်နန်းယုမော်၁၂/သလန(နိုင်)၁၁၀၁၉၇မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄၆)ကြိမ်မြောက် အလောင်းတော်ကဿပဖူးမြော်ရန်

အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီးအား (၄၆)ကြိမ်မြောက် ထမနဲဆွမ်းနှင့် ဆီမီး(၉၀၀၀) ကပ်လှူပူဇော်ပွဲ ခရီးစဉ် ၁၀-၂-၂၀၁၄ရက်သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လိုက်ပါဖူးမြော်လိုသူများသည် အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေး အမှတ် ၈၂၁၊ မဟာဗန္ဓုလလမ်းနှင့် ၁၀ လမ်းထိပ်၊ အမှတ် (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၀၀၇၄၊ ၀၁-၂၂၆၀၂၄၊ ၀၉-၇၃၀၀၂၄၇၃၊ ၀၉-၅၀၅၆၈၀၁၃ တို့သို့ ဆက်သွယ်နိုင်ပါသည်။

ရာသီဖွင့်ခရီးစဉ် - ၃၁-၁၂-၂၀၁၃ရက်
တပေါင်းပွဲ၊ ဆွမ်းဆန်စိမ်းကပ်လှူပွဲ - ၁၁-၃-၂၀၁၄ရက်
သင်္ကြန်အထူးခရီးစဉ် - ၁၁-၄-၂၀၁၄ရက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (Transformer) တစ်လုံးနှင့်ဆက်စပ်ပစ္စည်း များ(1 Lot)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၅၁၃၆၇၁၀ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

စတင်ရောင်းချမည့်ရက် - ၂၆-၁၁-၂၀၁၃ ရက် နံနက် ၀၉း၃၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၁၆-၁၂-၂၀၁၃ရက် ညနေ ၁၆း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးပစ္စည်းများကို ဆေးဝါးတင်သွင်း/ဖြန့်ဖြူးခွင့်ရရှိသည့်ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၁၇-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄**

ဆေးဝါးတင်ဒါရွေးချယ်ရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းစက်ခန်းအုပ်အမှတ် စမဒ-၁၁၁/၆၈ဖြင့် ထုတ်ပေးထားသော သင်္ဘောသားလုပ်သက် မှတ်တမ်းစာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးသိန်း ဖုန်း-၀၉-၂၅၆၀၆၆၆၃၅**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၂၆၉၂ Nissan Cabstar P/U ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၂/သဃက(နိုင်)၀၁၇၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

မှုခင်းသတင်းနှင့်ကြော်ငြာ

မွန်ပြည်နယ် သထုံမြို့နှင့် ဘီးလင်းမြို့နယ်တို့တွင် လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီး

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် သထုံမြို့ သုဓမ္မဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ် ထောင်မျှုးကျေးရွာအုပ်စု လေးတိုင်ကျေးရွာအနီး သထုံ-ဘားအံကားလမ်း၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ဘားအံဘက်မှ အောင်ကိုကိုဦး (၃၉ နှစ်) နှင့် အမှတ်(၆) ရပ်ကွက် နေကြာလမ်း ကေ့ာကရိတ်မြို့နေသူ မောင်းနှင်လာသည့် ၆ဃ/.. တိုယိုတာမက်တူး မော်တော်ယာဉ်နှင့် သန်းထိုက်ဦး (၂၇ နှစ်) အမှတ်(၆) ရပ်ကွက် ကော့ကရိတ်မြို့နေသူ မောင်းနှင်လာသည့် ၅ဃ/... ဟွန်ဒါဖစ်အမျိုးအစား အဖြူရောင် ယာဉ်နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ယာဉ်အဖြစ် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၁၄ ရက် ညနေ ၉ နာရီ မိနစ် ၄၀ ခန့်က ဘီးလင်းမြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဘီးလင်းမြို့ သကြားစက်လမ်းဆုံနေရာတွင် ဘိုဘို(၃၀ နှစ်) ဘားအံမြို့နေသူ မောင်းနှင်လာသည့် ၇င/... တပ်ဆင်ထားသော တိုယိုတာဆော့ဖ် အနက်ရောင် တစ်စီးနှင့် မျိုးလွင် (၃၂ နှစ်) ကမာရွတ်မြို့နေသူ မောင်းနှင်လာသည့် ၄ခ/... ယာဉ် တစ်စီး၊ ပေါင်းနှစ်စီးကို လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁၇ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က ဝေမျိုး(ခ)အိုမန်(၃၂ နှစ်) ဘားအံမြို့နေသူ မောင်းနှင်လာသည့် ၂င/... တိုယိုတာမတ်တူး ယာဉ်တစ်စီးကို လည်းကောင်း၊ အသီးသီး စစ်ဆေးခဲ့ရာ မော်တော်ယာဉ်သုံးစီးနှင့်ပတ်သက်၍ စာရွက်စာတမ်း အထောက်အထားများ ပြသနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ယာဉ်များအဖြစ် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(လ/ဝ၁၂)**

သီပေါ ပန်စောက်မိန်းရွာအနီး ယာဉ်တိုက်မှုဖြစ် တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

သီပေါ နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၃၃/၄) တွင် နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက လားရှိုးမှ မန္တလေးသို့ ဆင်းမည့် ယာဉ်မောင်း ပြည့်စုံဦး (၂၃ နှစ်) မောင်းနှင်လာသော ၂၂ ဘီးတွဲကား ယာဉ်အမှတ် ၉ဂ/-- နှင့် သီပေါမှ လားရှိုးသို့ ယာဉ်မောင်း အောင်ဇော်ထွေး (၃၃ နှစ်) မောင်းနှင်သော လေးလုံးထိုး ထော်လာဂျီ ယာဉ်အမှတ် ၉၅/---သည် တစ်ဖက်ယာဉ်ကြောအတွင်းသို့ အရှိန်ပြင်းစွာ ဝင်ရောက် တိုက်မိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ဝင်ရောက်တိုက်ခဲ့သည့် ထော်လာဂျီယာဉ်ပေါ်စီးနင်းလိုက်ပါလာသူများမှာ ကားလမ်းမပေါ်လွင့်စဉ်ခဲ့သဖြင့် စိုင်းလင်းဖ (၁၆ နှစ်) စံလောင်းရွာနေသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ စံလောင်းရွာသားများဖြစ်သည့် ဝင်းလှိုင် (၂၁ နှစ်)၊ ဒေါ်နိုင်းရွက် (၅၈ နှစ်)၊ အိုက်တန် (၂၄ နှစ်)တို့မှာ ဒဏ်ရာများ ရရှိကြသည်။

ထို့ကြောင့် ယာဉ်မောင်း အောင်ဇော်ထွေးကို သီပေါရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကံမမြို့နယ်၌ မိုးကြိုးပစ်သဖြင့် လူတစ်ဦးသေဆုံး

ကံမ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်းရှိ ရေနံ့သာရဲကင်းအပိုင်း ကျွန်းကလေးကျေးရွာအုပ်စု ထုံးကြီးကျေးရွာနေ ခင်မောင်ဌေးအောင် (၂၈ နှစ်)သည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက နွားနှစ်ကောင်နှင့်အတူ လယ်ကွင်း၌ အလုပ်လုပ်ရန်သွားစဉ် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးထိမှန်ခဲ့ရာ အခင်းဖြစ်ရာနေရာ၌ သေဆုံးခဲ့ပြီး နွားတစ်ကောင်ပါ သေဆုံးခဲ့သည်။ အဆိုပါ သေဆုံးမှုကို ရေနံ့သာ ရဲကင်းမှူး ဒုရဲအုပ်ကျော်ဇေယျမင်းနှင့်တာဝန်ရှိသူများက ဥပဒေအရ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လူသေအောင်ရိုက်ပြီး ပြစ်မှုကျူးလွန်သူကို နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီး

ဗန်းမော် နိုဝင်ဘာ ၂၅

ဗန်းမော်မြို့ ရုံးကြီးလမ်း ခရိုင်စီမံကိန်းရုံးရှေ့ကားလမ်းမပေါ်တွင် အမျိုးသားတစ်ဦးကို သေဆုံးသည်အထိ ရိုက်နှက်ခဲ့သူအား ၁၀ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၁ ရက် ည ၁၁ နာရီခွဲခန့်တွင် ဗန်းမော်မြို့မရဲစခန်း၌ ဒုရဲအုပ်မျိုးအေးသည် တာဝန်မှူးဆောင်ရွက်စဉ် ဗန်းမော်မြို့ ခရိုင်စီမံကိန်းရုံးရှေ့လမ်းမပေါ်တွင် လူတစ်ဦးဒဏ်ရာများဖြင့် လဲကျနေကြောင်းဆက်သွယ်အကြောင်းကြားချက်အရ ဒုရဲအုပ်မျိုးအေးနှင့် နယ်ထိန်းအဖွဲ့တို့ သွားရောက်စစ်ဆေးခဲ့သည်။ အခင်းဖြစ်ပွားရာ ကတ္တရာကားလမ်းမပေါ်တွင် တောင်ဘက် သို့ ဦးခေါင်းလှည့်လျက် အမည်မသိ အသက် ၃၀ ကျော်ခန့် ရင်ဘတ်တွင် အတူးလေးဟု ဆေးမင်ကြောင် ထိုးထားသည့် အမျိုးသားတစ်ဦးသည် ဦးခေါင်းနောက်စေ့စူးဝင်ဒဏ်ရာတစ်ချက်၊ ဇက်ပိုးတွင်ဖူးရောင်ဒဏ်ရာတစ်ချက်တို့ဖြင့်သွေးအိုင်ထဲတွင်လဲကျသေဆုံးနေသည်ကို တွေ့ရပြီး အနီး၌နှစ်ပေခန့်အရှည်ရှိသော (၂×၁) လက်မပျဉ်အဖျားနှစ်ဖက်တွင် နှစ်လက်မသံတစ်ဖက် တစ်ချောင်းစီရိုက်လျက်ပါရှိသော သစ်သားပိုင်းတစ်ပိုင်းကို တွေ့ရှိရသည်။

ယင်းနောက် ဗန်းမော်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သေဆုံးသူနှင့်ပြစ်မှုကျူးလွန်သူအား သိရှိနိုင်ရေးအတွက် အခင်းဖြစ်ပွားရာနေရာနှင့် နီးစပ်ရာနေရာများသို့ သတင်းစုံစမ်းဖော်ထုတ်ခဲ့ရာ သေဆုံးသူမှာ ပေါက်ကုန်းရပ်ကွက်နေ ဘိုဘို(ခ)ဖြိုးဝေအောင်(၃၁ နှစ်) ဖြစ်ပြီး ပြစ်မှုကျူးလွန်သူမှာ တစ်ရပ်ကွက်တည်းနေ ဖိုးသား(ခ)ထွန်းထွန်းမင်း (၃၁ နှစ်)ဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခန့်က ဖိုးသား(ခ)ထွန်းထွန်းမင်းအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ၎င်းတို့နှစ်ယောက် အရက်အတူသောက်ခဲ့ပြီး စကားများရန်ဖြစ်ရာမှ (၂×၁) လက်မပျဉ်ချောင်းဖြင့် ရိုက်လိုက်ရာ ပျဉ်ချောင်းတွင်ပါရှိသော သံမှိုချောင်းသည် ဦးခေါင်းနောက်စေ့သို့ စူးဝင်ဒဏ်ရာတစ်ချက်၊ ဇက်ပိုးဖူးရောင်ဒဏ်ရာတစ်ချက်ဖြင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသဖြင့် ဗန်းမော်မြို့မရဲစခန်းက အမှုခိုင်မာစွာတည်ဆောက်၍ တရားစွဲဆိုနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းတံတားသား**

မလှိုင်မြို့၌ နှစ်လုံးထီ လောင်းကစားဖမ်းမိ

မလှိုင် နိုဝင်ဘာ ၂၅

မလှိုင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ရဲအုပ်ကျော်ဇေဦးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့် အတူနိုဝင်ဘာ ၁၉ ရက် ညနေ ၃နာရီ မိနစ် ၅၀က သတင်းအရ မလှိုင်မြို့ အထကကျောင်း တောင်ဘက်လမ်းဘေးတွင် စောင့်ဆိုင်းနေစဉ် တင်ထွန်း(၃၉)နှစ် မလှိုင်မြို့နယ် ကံကြီးအလယ်ချောင်ရွာနေသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေး ငွေကျပ် ၂၆၃၀၀၊ နှစ်လုံးထီဂဏန်းများရေးသားထားသည့် လယ်ဂျာစာရွက်တစ်ရွက်တို့ကို တွေ့ရှိရသဖြင့် မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၂၅

နိုဝင်ဘာ ၁၂ ရက် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အရိုးကုန်းလမ်းသွယ်၌ တရားမဝင် ကျွန်းတံခါးအပိုင်းအစ အချောင်း ၃၇၀၊ ၀ ဒသမ ၃၈၁၈ တန်၊ နိုဝင်ဘာ ၁၅ ရက်တွင် မင်္ဂလာဒုံ-ပြည်လမ်း နွယ်ခွေသစ်ဆိပ် ရှေးဟောင်းပြည်တော်အေး ကျိုက္ကမော့ ဆုတောင်းပြည့်စေတီအနီးမှ တရားမဝင် ကျွန်းခွဲသား ၆၂ ချောင်း၊ ၀ ဒသမ ၆၉၄၆ တန်၊ နိုဝင်ဘာ ၁၆ ရက်တွင် လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် သီတာအေး(၅)လမ်း၌ တရားမဝင်ကျွန်းပြတင်းပေါက်နှင့် အပိုင်းအစများ ၀ ဒသမ ၂၆၉ တန်၊ နိုဝင်ဘာ ၁၆ ရက်တွင် ရန်ကုန်-ပုသိမ် ကားလမ်း လှိုင်သာယာ-ထန်းတပင်အစပ် တိုးဂိတ်အနီးနှင့် နိုဝင်ဘာ ၁၉ ရက်တွင် အနောက်ရွှေဂုံတိုင်(၁)လမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ အာဇာနည်ကုန်းမြောက်ဘက်မုခ် အနီး၌ တရားမဝင် ကျွန်းတံခါးရွက် ၃၆၄ ချပ် ၇ ဒသမ ၇၁၁၄ တန်နှင့် ကျွန်းတံခါးရွက်၊ တံခါးဆန်အစိတ်အပိုင်း ၀ ဒသမ ၉၂၁၂ တန် စုစုပေါင်း ၈ ဒသမ ၆၃၂၆ တန်၊ နိုဝင်ဘာ ၂၀ ရက်တွင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်- ပြည်လမ်းပေါ်၌ တရားမဝင်ပျဉ်းကတိုး ကျည်းပေါင်ခွဲသား ၀ ဒသမ ၃၁၈ တန်၊ ရန်ကုန်-ပြည်လမ်း မိုင်တိုင် (၂၉/၁)တွင် တရားမဝင်ကျွန်းတံခါးအပိုင်းအစ ၄၉၇ ချောင်း ၀ ဒသမ ၃၃၈၆ တန်၊ နိုဝင်ဘာ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အမှတ်(၁) ဘိနယ် စော်ဖျားအပတော၌ တရားမဝင်အုပ်စု(၂)၊ အခြားသားသစ်လုံး ၅၄ ဒသမ ၂၅၂ တန်၊ နိုဝင်ဘာ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မဲဟင်းချောင်းအနီး၌ တရားမဝင် အခြားသားသစ် ၂၂ ဒသမ ၃၈၄ တန်နှင့် နိုဝင်ဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်း-စေတုတ္တရာ ကားလမ်း မိုင်တိုင် (၇/၇) အနီး တရားမဝင်အခြားသားခားရွေ ၁ ဒသမ ၄၈၄၂ တန်၊ မျှင်ဝါး အလုံး ၅၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
အဆောက်အအုံ အကြီးစားမွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် အောက်ဖော်ပြပါ အဆောက်အအုံအကြီးစား မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်-

လုပ်ငန်းအမည်-သင်တန်းတပ်ခွဲ အိပ်ဆောင် ပေ(၉၀×၂၀) ခြောက်ဆောင် အကြီးစားမွမ်းမံခြင်း(အမိုး၊ ဒိုင်း၊ မြား၊ မျက်နှာကြက်၊ ကြမ်းခင်း၊ ပြတင်းတံခါး၊ လျှပ်စစ်အပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ၂၅-၁၁-၂၀၁၃ရက်မှ ၂၄-၁၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီအထိ လက်ခံမည်ဖြစ်ပြီး၊ ၁၃း၃၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၆၂၆၀၆၇၊ ၀၁-၆၂၆၀၆၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

အများသိစေရန်ကြေညာချက်

နေပြည်တော်ကောင်စီနယ်မြေ၊ အမှတ်(၁၂/၁၂၉၀)၊ ပေါင်းလောင်း ၁၄လမ်း၊ ပေါင်းလောင်း Toeche(2)Q/T ပျဉ်းမနား၊ Nice Tech ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးရဲဦး ၈/အလန(နိုင်) ၁၃၁၇၅၆ ထံသို့ မြန်မာ့မီးရထားမှ တံတားနှင့်မြေကြီးလုပ်ငန်းများအတွက် ငွေကြေးများထုတ်ပေးရန် ကျန်ရှိပါသည်။ ဦးရဲဦးသည် ၈-၈-၂၀၁၃ ရက်တွင် သေဆုံးခဲ့သဖြင့် ၎င်း၏ကိုယ်စားဖော်ပြပါ ငွေကြေးများကို ထုတ်ယူခွင့်ပြုရန် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်ရီ ၈/မကန(နိုင်)၀၆၅၈၃၂၈က ဤရုံးသို့ လျှောက်ထားလာရာ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ငွေပေးချေခြင်းကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဆက်သွယ်ရန်

အထွေထွေမန်နေဂျာ(မြို့ပြ)၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ နေပြည်တော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၇၀၀၇

ဒသမအကြိမ် ဓာတုဗေဒမိသားစု အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် **တက္ကသိုလ်များမွှာရုံ**၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာကြီး ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့် ၁၉၆၇ ဘွဲ့ရမှ ၁၉၇၃ ဘွဲ့ရအထိ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက် ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကြိုတင်အလှူငွေများကို ဦးမောင်မောင်ကြီး ဖုန်း-၀၉-၅၀၀၂၂၇၀၊ ဦးစိုးကြည် ဖုန်း-၀၁-၂၂၃၄၉၉၊ ဒေါ်အေးညွန့်ကြည် ဖုန်း-၀၁-၅၅၉၉၈၀၊ ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း) ဖုန်း-၀၁-၅၀၁၄၃၂၊ ဦးစိန်ဝင်း ဖုန်း-၀၉-၇၃၀၈၅၉၂၆၊ ဦးဇော်ဝင်း ၀၉-၇၃၀၂၀၇၇၆၊ ဒေါ်သိင်္ဂီကြည် ဖုန်း-၀၉-၅၀၃၀၁၀၀၊ ဦးသောင်းတင့် ဖုန်း-၀၉-၅၀၀၈၅၈၇၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၀၉-၅၀၃၅၆၅၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၄၃၁၆၁၁၇၄၊ ဦးသိန်းရွှေ ဖုန်း-၀၉-၅၁၆၉၇၈၄၊ ဦးမျိုးအောင် ဖုန်း-၀၉-၇၃၀၀၂၈၀၂၊ ဒေါ်ဖြူဖြူညွန့် ဖုန်း-၀၉-၅၀၁၂၃၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄ယ/၅၇၆၃၈ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်ကျော် ၉/အမရ(နိုင်)၁၀၇၂၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၅၉၇/က၊ မြေကွက်တည်နေရာအမှတ် ၅၉၇/က၊ လမ်း ၂၀၊ (၁၀)ရပ်ကွက်၊ တောင် ဥက္ကလာပ ဦးသန်း အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းနှင့် ဇနီးဒေါ်တင်မြ ကွယ်လွန်သဖြင့်ဒေါ်ဌေးတင် ၁၂/ဥကတ(နိုင်)၀၈၈၅၀၈က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အင်းရဲသားနှင့်အင်းမသူ ကျုံပျော်မြို့ရဲ့စံနမူ

ကျေးဇူးရှင် ချစ်ဖေဖေ ဦးစန်းမြင့်နှင့် ကျေးဇူးရှင်ချစ်မေမေ ဒေါ်စိန်စိန်တို့၏ စိန်ရတုမင်္ဂလာအခါမှာ ချစ်ဖေဖေချစ်မေမေတို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် အသက် ၁၂၀ရှည်ကြာသည့်တိုင်အောင် ပျော်ရွှင်စွာနှင့် လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း လက်စုံမိုး၍ ရှစ်ခိုးဦးညွှတ်လိုက်ပါ၏ခင်ဗျား။

ချစ်သောသားကြီး- ကိုနိုင်ဝင်း-မအံ့ဖွန်
မြေး-သီဟနိုင်

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၇၅ ကျောင်းဆင်းချစ်သူငယ်ချင်းတို့ရေ

တို့တတွေ ဒုတိယအကြိမ် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမယ်။ လိပ်စာမှတ်တမ်းစာအုပ်အမှတ်(၂)ကိုလည်းရိုက်နှိပ်ပြီး အဲဒီမိတ်ဆုံစားပွဲမှာ ဖြန့်ဝေပေးမယ်။ ဒါကြောင့် အမှတ်(၁)စာအုပ်ကလိပ်စာကို ပြန်လည်ပြင်ဆင်ဖြည့်စွက်လိုသူများ၊ အမှတ်(၁) စာအုပ်မှာမပါသေးသူများ အမည်၊ ဘွဲ့၊ လိပ်စာ၊ ဖုန်း၊ ဓာတ်ပုံတစ်ပုံတို့ကို ၁၀-၁၂-၂၀၁၃ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာအတိုင်း ပို့ပေးကြပါ(မိသားစုရာဇဝင်မပို့ရသေးသူများလည်း ပို့ပေးကြပါ။)

မိတ်ဆုံစားပွဲကျင်းပမည့်ရက်နှင့်အချိန် - ၂၈-၁၂-၂၀၁၃ ရက်(စနေနေ့) နံနက် ၁၁ နာရီ မှ မွန်းလွဲ ၂ နာရီအထိ

မိတ်ဆုံစားပွဲကျင်းပမည့်နေရာ - Central Hotel, Jade Hall၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊

(မိတ်ဆုံစားပွဲအတွက် လက်မှတ်မရောင်းပါ၊ F.O.C ကျွေးပါမည်)

ဆက်သွယ်ရန်-

၁။ ကိုညွန့်ကြည် ၁၃၁၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၅၀၃၅၈

၂။ ကိုဝင်းမြင့် စာရင်းနှင့်လုပ်ငန်းစစ်ဌာန၊ စီးပွားရေးဦးပိုင်ရုံးချုပ်၊ ဗိုလ်တထောင်စာတိုက် ဖုန်း-၀၉-၅၀၃၅၉၅၈၊ ရုံးဖုန်း-၃၉၇၄၆၄၊ ၃၉၇၁၈၇(Ex:-၃၁)

၃။ ကိုဌေးအောင် မြန်မာယန်စီကော့ပါးကုမ္ပဏီ၊ ၇၀၊ ဗိုလ်ချိန်လမ်းသွယ်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၀၂၁၁

ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနေ့ ကျင်းပ

ဖျာပုံ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာလူငယ်များ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် **(အပေါ်ယာပုံ)** မြို့နယ်ကလေးသူငယ်အခွင့်အရေးကော်မတီအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြား၍ World Vision (မြန်မာ) ဖျာပုံတာဝန်ခံနှင့် Plan International (ဖျာပုံ)တာဝန်ခံတို့က အဖွဲ့အသီးသီးမှ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာနေ့အတွက် ပေးပို့ထားသော သဝဏ်လွှာကို ဖတ်ကြားကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ဖျာပုံမြို့နယ်၊ ကျောင်းစုကျေးရွာကလေးများမှ မိဘများ သိစေချင်ပါသည်ပြဇာတ်ဖြင့် ကပြဖျော်ဖြေခြင်း၊ ကျုံကန်(လက်ပံ)၊ တမာပင်နှင့်လက်ပံကျေးရွာမှ ကလေးများကိုယ်တိုင် ရိုက်ကူးထားသော ဗီဒီယိုခွေအား ပြသခြင်း၊ ကျုံကန်(လက်ပံ) ကျေးရွာမှ ကလေးသူငယ်များမှ ပြဇာတ်ဖြင့် ကပြဖျော်ဖြေခြင်းနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသည့် ကစားနည်းများအား ကျုံကူမူကြိုကျောင်းမှ ကလေးများအဖွဲ့မှ ပြသပြီးနောက်၊ အခမ်းအနားသို့ တက်ရောက်လာသူများက ပြသထားသောဓာတ်ပုံများ၊ ကလေးသူငယ်များ၏ စိတ်ကူးအိပ်မက်သစ်ပင်အား ကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ချမ်းသာ

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်လွှမ်းခြုံပေးနိုင်ရေးအတွက် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂ရက်မှ၁၅ရက်အထိ ကယားပြည်နယ်အတွင်း အခြေပြုကုသရေးအဖွဲ့နှစ်ဖွဲ့၊ နယ်လှည့်ကုသရေးအဖွဲ့ ငါးဖွဲ့ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အခြေပြုကုသရေးအဖွဲ့နှစ်ဖွဲ့၊ နယ်လှည့်ကုသရေးအဖွဲ့နှစ်ဖွဲ့ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း အခြေပြုကုသရေးအဖွဲ့သုံးဖွဲ့၊ နယ်လှည့်ကုသရေးအဖွဲ့၁၀ဖွဲ့ဖြင့်လည်းကောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နယ်၊ ဘော်လခဲမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် ရွာသစ်မြို့နယ်ခွဲတို့တွင် အရေးပေါ်ခွဲစိတ်ကုသမှု ၁၀ ဦး၊ အကြီးစားခွဲစိတ်ကုသမှု ၁၇ ဦး၊ သာမန်ခွဲစိတ်ကုသမှု ၁၃၄ ဦး၊ မျက်စိမှန်ဘီလူးအစားထိုးခွဲစိတ်ကုသမှု ၄၄ ဦး၊ မျက်စိအသေးစိတ်ခွဲစိတ်ကုသမှု ၂၈ဦးအပါအဝင် ပြည်သူ၁၄၄၄၄ ဦးအားလည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ဖာပွန်မြို့နယ်တို့တွင် အကြီးစားခွဲစိတ်ကုသမှုလေးဦး၊ သာမန်ခွဲစိတ်ကုသမှု ၄၂ဦး၊ မျက်စိမှန်ဘီလူး အစားထိုးခွဲစိတ်ကုသမှု ၂၁ ဦး၊ မျက်စိအသေးစားခွဲစိတ်ကုသမှု ၃၅ ဦး၊ သွားဘက်ဆိုင်ရာအသေးစားခွဲစိတ်ကုသမှု ၈၉ ဦးအပါအဝင် ပြည်သူ ၆၀၅၂ဦးအားလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ အမ်းမြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် အရေးပေါ်ခွဲစိတ်ကုသမှုသုံးဦး၊ အကြီးစားခွဲစိတ်ကုသမှု လေးဦး၊ မျက်စိအသေးစား ခွဲစိတ်ကုသမှု ၁၆ ဦး၊ သွားဘက်ဆိုင်ရာ အသေးစားခွဲစိတ်ကုသမှု ၁၅၅ ဦးအပါအဝင် ပြည်သူ ၂၉၆၂၀ တို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားပြည်သူ စုစုပေါင်း ၅၀၁၁၆ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် အချိန်မီကုသမှုမပြုနိုင်ပါက အသက်အန္တရာယ်စိုးရိမ်ရသည့် လူနာများဖြစ်သည့် ဖရူဆိုမြို့မှ ကိုယ်ဝန်ဆိပ်တက်ခြင်း၊ ကိုယ်ဝန်ကြောင့် သွေးတိုးခြင်းတို့ဖြင့် အရေးပေါ်အခြေအနေ ရောက်ရှိနေသည့် ဒေါ်ဒါးရီးယား (အသက် ၃၆နှစ်)အားလည်းကောင်း၊ ပင်လောင်းမြို့နယ် လွဲကြီးရွာမှ အစာအိမ်အူလမ်းကြောင်းပိတ်ခြင်း၊ သရက်ရွက်ကြီးခြင်းနှင့် အလွန်အမင်းသွေးအားနည်းခြင်းတို့ဖြင့် အရေးပေါ်အခြေအနေ ရောက်ရှိနေသော ဦးစာကို (အသက် ၅၅နှစ်)အားလည်းကောင်း၊ လောပိတမှ အချင်းသန္ဓေသားအောက်ရောက်နေခြင်းကြောင့် အရေးပေါ်အခြေအနေရောက်ရှိနေသော ဒေါ်နီနီဦး (အသက် ၃၁နှစ်)အားလည်းကောင်း၊ စစ်တွေမြို့ မင်းဂံရပ်ကွက်မှ ရုတ်တရက် အူအတက်ရောင်ရောဂါနှင့် သားဥအိမ်လည်ခြင်းရောဂါတို့ကြောင့် အရေးပေါ်အခြေအနေ ရောက်ရှိနေသည့် ဒေါ်မြင့်ဌေး (အသက် ၃၁နှစ်)အားလည်းကောင်း၊ စစ်တွေမြို့ မောင်နီပြင်ကျေးရွာမှ မေးရိုးအောက်ပြည်တည်နာရောဂါဖြင့်အရေးပေါ်အခြေအနေ ရောက်ရှိနေသည့် ဦးကျော်ညွန့် (အသက် ၄၂နှစ်)အားလည်းကောင်း၊ ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်မှ ရုတ်တရက်အူအတက်ရောင်ခြင်းဖြင့် အရေးပေါ်အခြေအနေ ရောက်ရှိနေသည့်တပ်ကြပ်ကြီးကျော်ဝင်း(အသက် ၅၁နှစ်)အားလည်းကောင်း တပ်မတော်ဆေးရုံများ၌ အရေးပေါ်ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(မြဝတီ)

နယ်သတင်းနှင့်ကြော်ငြာ

မီတာကောက်ခံရေး မော်တော်ယာဉ်ဖြင့် လှည့်လည် ကောက်ခံပေးခြင်းကြောင့် မီတာခပေးဆောင်သူများ အဆင်ပြေ

မိတ္ထီလာ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်ကွက်များအတွင်း မီတာကောက်ခံရေးမော်တော်ယာဉ်ဖြင့် လှည့်လည်ကောက်ခံပေးခြင်းကြောင့် မီတာခပေးဆောင်ရာတွင် ပြည်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ပြည်သူများ မီတာခပေးဆောင်ရာတွင် အဆင်ပြေမှုရှိစေရန်နှင့်မီတာခပေးဆောင်ရမည့်ရက်ကျော်လွန်၍ ဒဏ်ကြေးပေးဆောင်ရခြင်းများ မဖြစ်စေရန် ရပ်ကွက်အတွင်း မီတာကောက်ခံရေး မော်တော်ယာဉ်ဖြင့် လှည့်လည်ကောက်ခံပေးတာပါ။ မော်တော်ယာဉ်ပေါ်မှာ အသံချဲ့စက်တင်ပြီး လှည့်လည်ကြော်ငြာပေးခြင်းဖြင့် မီတာခကောက်ခံပေးတာပါ။ ရပ်ကွက်အတွင်း တစ်လမ်းဝင်တစ်လမ်းထွက် ကြော်ငြာပြီး ကောက်ခံပေးတော့ မီတာပေးဆောင်ရတဲ့သူတွေ အဆင်ပြေကြပါတယ်ဟု သာစည်မြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ မိမိအိမ်ရှေ့အရောက် မီတာခကောက်ခံပေးတော့ အချိန်ကုန်သက်သာတယ်။ အခုလို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းတွေဆောင်ရွက်ပေးတာကို အတိုင်းမသိဝမ်းသာမိကြောင်း သာစည်မြို့ အမှတ်(၁)ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောကြားကြောင်း သိရသည်။

မျိုးမင်း(သာစည်)

သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းဟောပြော

သိန်းနီ နိုဝင်ဘာ ၂၅

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြောပွဲကို သိန်းနီမြို့နယ် နားဆော့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၁၈ ရက် ည ၇ နာရီက ကျင်းပရာ သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိအိသိမ့်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီးနောက် သိန်းနီမြို့နယ် ဦးစီးအရာရှိ ဦးထွန်းကျော်က သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းပြောကြားပြီး ပြည်သူများက သိလိုသည်များကို မေးမြန်း၍ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် ပုဗ္ဗသီရိမြို့တွင် သောက်သုံးရေများ အခက်အခဲဖြစ်နေ

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော် ပုဗ္ဗသီရိမြို့ စစ်မှုထမ်းဟောင်းရပ်ကွက်များဖြစ်သည့် ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် နဝဒေးရပ်ကွက်များတွင် သောက်သုံးရေများမရရှိသဖြင့် အခက်အခဲဖြစ်လျက်ရှိသည်။ ထိုရပ်ကွက်များတွင် ၂၀၁၂ ခုနှစ်က ရေပိုက်လိုင်းများမှ တစ်ရက်ခြားတစ်ကြိမ် ရေများလွှတ်ပေးခဲ့သော်လည်း ယခုနှစ်တွင် တစ်လတစ်ကြိမ်ခန့်သာ လွှတ်ပေးရာမှ မိုးကျသည့်အချိန်မှစပြီး ရေလုံးဝလွှတ်မပေးတော့ကြောင်း သိရသည်။ "ကျွန်တော်က ပင်စင်ယူလာပြီး ဆင်ဖြူရှင်ရပ်ကွက်မှာနေပါတယ်၊ မနှစ်ကတော့ တစ်ရက်ခြားတစ်ခါ နှစ်ရက်ခြားတစ်ခါ ရေလွှတ်ပေးလို့ ရေအခက်အခဲမရှိပါဘူး၊ ဒီနှစ်ဘယ်လိုဖြစ်တယ်မသိဘူး၊ နွေတုန်းကတစ်လတစ်ခါ နှစ်လတစ်ခါလွှတ်သေးတယ်၊ မိုးလည်းရွာရော လုံးဝမလွှတ်တော့ဘူး၊ မိုးတွင်းတုန်းကတော့ မိုးကောင်းတော့ ရေအခက်အခဲမရှိဘူး၊ အခု မိုးကုန်တော့ ရေအခက်အခဲ ဖြစ်လာတယ်၊ ကျွန်တော်တို့နေရာက ကုန်းပေါ်ကျတော့ ရေတွင်းတို့ အဝီစိတွင်းတို့တူးဖို့မလွယ်ဘူး၊ အဝီစိဆိုပေ ၅၀၀ လောက်မှ ရေတွေ့တယ်၊ ဒါ့ကြောင့် ပိုက်ရေလာမှ အဆင်ပြေပါတယ်၊ မနှစ်က တောက်လျှောက်လွှတ်နေတာ ဒီနှစ်ဘာဖြစ်လို့ မလွှတ်တော့လဲ ဆိုတာမသိဘူး၊ ရေပိုက်လိုင်းတွေလည်း အကုန်ကောင်းတယ်၊ ရေစက်က စက်တွေလည်းကောင်းတယ်"ဟု ဆင်ဖြူရှင်ရပ်ကွက်တွင် နေထိုင်သည့် အငြိမ်းစားတပ်ကြပ်ကြီး စိန်ဝင်းက ပြောသည်။

ကိုကြီးမောင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီ

တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏တောင်ဘက် မိုင်(၂၀)ခန့်အကွာ၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ

တင်ဒါအဆိုပြုလွှာ
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဆ၊ မြေကွက်အမှတ် ၃၃၉၊ မြေကွက်တည်နေရာအမှတ် ၃၃၉၊ သုနန္ဒာ ၇ လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်လှမြင့် ၁၂/ဥကမ(နိုင်)၀၃၁၄၃၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်လှမြင့်၊ ဖခင်ဦးကြည် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းနု ၁၄/အမန(နိုင်)၀၀၇၉၁၃ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၃၄၊ မြေကွက်တည်နေရာအမှတ် ၉၃၄၊ သီလ ၁၁ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သေးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သေး S/OKA-၀၁၅၄၇၁ က ၂၀၀၆ ခုနှစ်တွင်ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ၃-၂၃၅၃ (၁၁-၁၁-၁၃)ကိုတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ရန်ကုန်-မန္တလေးလမ်း၊ မြေကွက်အမှတ်(၄၂၄၉၊ ၄၂၇၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား ဦးသိန်းမောင်(ဘ)ဦးစံချွန်းအမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နေရာချထားပေးသည့်မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးသိန်းမောင်က ကွယ်လွန်သွားပြီး ဇနီးဒေါ်လှကြည်မှလည်း ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ဦးသိန်းမောင်နှင့် ဒေါ်လှကြည်တို့တွင် အမွေဆက်ခံပိုင်ခွင့်ရှိသူ (၁)ဦးဝင်းမောင်၊ (၂)ဦးတင်ကြိုင်၊ (၃)ဒေါ်မညို၊ (၄)ဒေါ်မြသန်း၊ (၅)ဒေါ်မြန္တယ်၊ (၆)ဒေါ်သန်းသန်းဝင်း သားသမီးခြောက်ဦး ကျန်ရှိခဲ့ပါသည်။

၃။ အဆိုပါအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးခြောက်ဦးမှ တရားရုံးကျမ်းကျိန်လွှာ၊ သေဆုံးကြောင်း ထောက်ခံချက်တို့ဖြင့် မြေပေးမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ် ၃၁၉(က)၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ဦးတင်လှ ၁၂/သဃက(နိုင်)၀၈၈၈၆၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ကြီး၏ ခေါင်းရင်းဘက်ခြမ်း အကျယ်အဝန်း (၁၀ပေ×ပေ၆၀)ရှိမြေကွက်အား အမည်ပေါက် ဦးတင်လှမှာ ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်နု ၇/ကတခ(နိုင်)၁၇၃၀၇၄ က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာခင်	ဒေါ်ထက်ထက်ပိုင်	ဒေါ်ခိုင်ငြိမ်းဆွေ	ဒေါ်မေဝင်းမော်
LL.B, D.B.L	LL.B	LL.B	LL.B
စဉ်-၂၄၃၀၃	စဉ်-၂၈၆၇၀	စဉ်-၃၁၄၇၅	စဉ်-၃၃၂၃၂

အထက်တန်းရှေ့နေများ

အမှတ် ၅၀၊ အခန်းအေ-၅၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၃၉၁၇၊ ၄၂၀၀၂၉၃၇၃၊ ၀၉-၇၃၀၄၉၅၅၊ ၄၄၈၀၂၀၀၄၃

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းအောင်-ဒေါ်မြတ်စောတို့၏ တတိယသား

မောင်ဝင်းမြတ်ထွန်း

B.Sc (Physics) , MD (Dreams 1000 Co., Ltd and TRUST TECH Co.,Ltd.)

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကြံတိုင်းဆောင်(ငြိမ်း)-ဒေါ်မြမြဆွေတို့၏ ဒုတိယသမီး

ဒေါက်တာနေခြည်ဝင်း

M.B.,B.S (Ygn), MRCP (UK) Part 1

တို့၏ ၁၃-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ရဲချုပ်ဦးစိုးဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်အုန်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော သုခမ္မမဏိဇောတရေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးမွန်ရှိန်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီချင်းအား သီဆိုပေးပါသော တေးသံရှင်ရတနာဦးနှင့် မင်္ဂလာတေးသံသာများအား မေတ္တာဖြင့်တီးခတ်ဧည့်ခံပေးပါသော ကိုမျိုးကျော် (Hi Bird)တီးဝိုင်းနှင့် နိုင်ငံကျော် တေးသံရှင်များအား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မယဉ်သူဆွေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာနှင်းယုဇော်၊ သတို့သားအရံများဖြစ်ကြသော မောင်ဝေဖြိုးသူနှင့် မောင်ရဲထွန်းနိုင်၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာသန္တာဦးနှင့် ဒေါက်တာဆုဝေလှမြင့်တို့အားလည်းကောင်း၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးပါသော ဒေါ်လှလှဝေ (တော်ဝင်ဦးစိန်ရွှေရတနာဆိုင်) ဇဝန၊ မင်္ဂလာပန်းအလှဆင်ပေးပါသော ခင်မောင်ဝင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်အလှဆင်ပေးသော Zay Zay နှင့်အဖွဲ့၊ Pre. Wedding 7 picture ၊ မင်္ဂလာဧည့်ခံပွဲမှတ်တမ်းတင် ရိုက်ကူးပေးပါသော ဗီဒီယိုနှင့်ဓာတ်ပုံဝဏ္ဏခွာနီးနှင့်အဖွဲ့သားများ၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော LOVE ဖိတ်စာအား လည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်/ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နေပြည်တော်မင်္ဂလာသီရိဟိုတယ်တွင်ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်/နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းမြတ်ထွန်း-ဒေါက်တာနေခြည်ဝင်း**

စက်မှုလက်မှုသိပ္ပံ (အင်းစိန်) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

စက်မှုလက်မှုသိပ္ပံ (အင်းစိန်) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကို မောင်နှမများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ၁-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - ညနေ ၄ နာရီ

ကျင်းပမည့်နေရာ - M-3 Food Center၊ ဗဟန်းအားကစားကွင်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

မြန်အောင် အထက၊ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်အောင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ရက်၊ ဗုဒ္ဓဟူးနေ့ (နတ်တော်လပြည့်ကျော် ၈ ရက်) မွန်းလွဲ ၁ နာရီ တွင် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၀၅ ဦးကို မြန်အောင် အထကခန်းမ၌ ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပူဇော်ပွဲအခမ်းအနားသို့ ၁၉၅၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း(တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၄၄-၅၀၀၂၉၊ ဦးထွန်းလင်း(ရွှေနဂါးရောင်းဝယ်ရေး) ဖုန်း-၀၄၄-၅၀၂၉၁၊ ဦးခင်မောင်ဝင်း (ရွှေမင်းသားဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဦးဝင်းမော် (ဂိုလ်းစတားအီလက်ထရွန်နစ်) ဖုန်း-၀၄၄-၅၀၁၃၁၊ ဒေါ်ခင်ကြူကြူ (စိန်အကယ်ဒမီ ရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂ နှင့် အာစရိယပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ကမ္ဘောဇဘဏ်လီမိတက် (မြန်အောင်ဘဏ်ခွဲ) Account No. 1031220000526 သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှ ဆရာကြီး ဆရာမကြီးများသည် မိမိအစီအစဉ်ဖြင့် ၂၃-၁၂-၂၀၁၃ ရက်တွင် အောင်မင်္ဂလာအဝေးပြေးဝင်း ဇရာသစ္စာ (ည ၀၈း၃၀ နာရီ)ကားဖြင့် လိုက်ပါကြပါရန်နှင့် ဆရာမဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၈၅၃၇၀၇၀၊ ၀၉-၃၃၃၃၉၀၇၇၊ ကိုဝင်းထိန် ဖုန်း-၀၉-၅၀၁၄၃၅၀တို့သို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ၊ မြန်အောင်မြို့

မွေးနေ့ဆုမွန်လွှာ

တပည့်ဝန်ထမ်းများအပေါ် ရင်ဝယ်သားကဲ့သို့ မေတ္တာစေတနာထား၍ အားပေးကူညီ ထောက်ပံ့ဖြောင့်မတ်စွာ ဦးစီးပဲ့ကိုင်ပေးပြီး တပည့်ဝန်ထမ်းများအားလုံး၏ ဂုဏ်ယူလေးစား ဦးထိပ်ထားရပါသော…မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်၏ ၂၆-၁၁-၂၀၁၃ ရက် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ ရှည်ကြာသည်အထိ သက်ရှည်ကျန်းမာ ရွှင်လန်းစွာဖြင့် ဘာသာ၊ သာသနာအကျိုး၊ မိသားစုအကျိုး၊ ကုမ္ပဏီအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး တိုး၍ရွက်ဆောင် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Director နှင့် ဝန်ထမ်းများ	**Admin မန်နေဂျာ၊ မန်နေဂျာနှင့်ဝန်ထမ်းများ**	**မန်နေဂျာနှင့်ဝန်ထမ်းများ**
Modern Food World Co., Ltd.	**Mectronic G.E.P**	**Mectronic G.E.P**
(Office)	**(Head Office)**	**(Factory)**
သဃ်န်းကျွန်း	**ဗိုလ်တထောင်**	**တောင်ဒဂုံ**
မန်နေဂျာနှင့်ဝန်ထမ်းများ	**မန်နေဂျာနှင့်ဝန်ထမ်းများ**	**မန်နေဂျာနှင့်ဝန်ထမ်းများ**
Modern Juice & Coffee	**Modern Ice**	**WN Carton Box**
(Factory)	**(Factory)**	**(Factory)**
အရှေ့ဒဂုံ	**အရှေ့ဒဂုံ**	**အရှေ့ဒဂုံ**

တရားမဒုတိယအယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၅၂

ဦးစိုးအောင် **နှင့်** ၁။ ဦးကျော်ဝင်း
၂။ ဦးကျော်မင်း (ကိုယ်တိုင်နှင့်ကွယ်လွန်သူ ဇနီးဒေါ်စန်းအေး၏ တရားဝင်ကိုယ်စားလှယ်)အမှတ် (ဂျီ/၁၇၃) ဗဟိုလမ်း၊ အောင်ချမ်းသာတိုးချဲ့ ရပ်ကွက်၊ (၁၃)နယ်မြေ၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့။

အယူခံတရားလို — **အယူခံတရားပြိုင်များ**

